ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ (4-1-2012) (၆၉၄၄)

ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်

ယနေ့အချိန်အခါတွင် အင်အားကြီးမားသောသူတို့က အင်အားနည်းသောသူတို့ကို လွှမ်းမိုးချုပ်ကိုင်နိုင်ရန် နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးပမ်းလျက်ရှိသည်ကို ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးက အထူးသတိပြုရမည်ဖြစ်ပေသည်။ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် မြန်မာပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ကြရန် လိုအပ်ပေသည်။ မြန်မာပြည်သူများကသာ မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှု၊ မြန်မာနိုင်ငံ၏ သာယာလှပမှုတို့ကို ဖန်တီးပေးနိုင်သူများဖြစ်ကြသည်။ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုပြိုကွဲလျှင် တိုင်းတစ်ပါးသားတို့၏ လွှမ်းမိုးချုပ်ကိုင်မှုအောက်သို့ပြန်လည်ကျရောက်နိုင်သည်ကို သတိပြုသင့်ပေသည်။ ထို့ကြောင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားပြည်သူအားလုံးက စုပေါင်းထိန်းသိမ်းကာကွယ်ကြရန် အထူးလိုအပ်လှပေသည်။

[နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
၂၀၁၂ ခုနှစ်၊ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာမှ ကောက်နုတ်ချက်]

တိုင်းရင်းသားအချင်းချင်းစည်းလုံးညီညွတ်ပြီး တိုင်းပြည်ငြိမ်းချမ်းမှ ဒီမိုကရေစီစနစ်ကျင့်သုံးဆောင်ရွက်နိုင်မည် ဒီမိုကရေစီစနစ်ကျင့်သုံးပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှ တိုင်းရင်းသားပြည်သူတို့၏ လူမှုစီးပွားရေးဘဝမြင့်မားမည်

နေပြည်တော် ဇန်နဝါရီ ၄

နိုင်ငံတော်သမ္မတ အထွမဟာ သရေရည်သူ၊ အထွမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ (၆၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

လေးစားချစ်ခင်ရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-

ယနေ့သည် မြန်မာတစ်မျိုးသားလုံးအတွက် ထူးခြားမွန်မြတ်သည့် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဖြစ်ပါသည်။ ပြည်ထောင်စုဖွားတိုင်းရင်းသားတို့ မျှော်လင့်တောင့်တနေသည့် လွတ်လပ်ပြီးတရားမျှတသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ ဦးတည်ချီတက်နေသည့် အခိုချိန်အခါနှင့် တိုက်ဆိုင်နေခြင်းသည် ထူးခြားသည့် ဝိသေသဟု ဆိုရမည်ဖြစ်ပေသည်။ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာဖြင့် အသက်၊ သွေး၊ ချွေးရင်း၍ မြင့်မြတ်သော စိတ်ဓာတ်ဖြင့် လွတ်လပ်ရေးကိုအရယူခဲ့သည့်အတွက် ဤကဲ့သို့ လွတ်လပ်ရေးပန်းတိုင်ကို ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်ပေသည်။ ထို့ကြောင့် (၆၄)နှစ်မြောက်လွတ်လပ်ရေးနေ့ကို မြင့်မြတ်သောနေ့ထူးနေ့မြတ်အဖြစ် ပြည်သူအားလုံးက တစ်စိတ်တစ်ဝမ်းတည်း သတ်မှတ်ရမည်ဖြစ်ပေသည်။ ဤသို့သော ဂုဏ်ထူးဝိသေသများဖြင့် ပြည်စုံခဲ့သည့် လွတ်လပ်ရေးနေ့အခိုချိန်အခါတွင် ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူအားလုံးသည် ဘေးဘယာဝေးကွာပြီး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာတိုင်းရင်းသားတို့သည် မိုးသားပွင့်လင်းကြပြီး မြန်မာနိုင်ငံအတွင်းတွင် ငြိမ်းငြိမ်းချမ်းချမ်းဖြင့် လုပ်ကိုင်စားသောက်နေထိုင်ခဲ့ကြသူများ ဖြစ်ပေသည်။ ဘာသာတရားနှင့်ယဉ်ကျေးမှုကိုလည်း အစဉ်အမြဲလေးစားပြီး အချင်းချင်း ရိုင်းပင်းကူညီတတ်သူများလည်း ဖြစ်ပေသည်။ တိုင်းရင်းသားအချင်းချင်း တစ်ဦး၏ ယဉ်ကျေးမှုဓလေ့ထုံးစံကို တစ်ဦးက ရိုသေလေးစားပြီး ချစ်ခင်ခင်ရင်းရင်းနှီးနှီး နေထိုင်ခဲ့ကြသူများဖြစ်သည်။ သို့သော် ကိုလိုနီစနစ်ဆိုး၏ လွှမ်းမိုးမှုခံရခြင်း၊ ကိုလိုနီနယ်ချဲ့တို့၏ ကျူးကျော်နယ်ချဲ့ခြင်းတို့ကို ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး ခံခဲ့ကြရပေသည်။ နယ်ချဲ့လို့မှု၊ လူမျိုးကြီးဝါဒဖြင့် လွှမ်းမိုးလို့မှုကြောင့် ၁၈၂၄ ခုနှစ်မှ ၁၈၈၅ခုနှစ်အတွင်း ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲကာ နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံ၏အချုပ်အခြာအာဏာကို သိမ်းပိုက်ခဲ့ကြသည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားအသီးသီးတို့က ရရာလက်နက်ကိုဆွဲ၍ ရှိသမျှလူအင်အားကိုစုပြီး နယ်ချဲ့ကို တွန်းလှန်ခဲ့သော်လည်း အင်အားချင်းမညီမျှသည့်အတွက် အနှုံးပေးခဲ့ရပြီး မြန်မာတစ်မျိုးသားလုံး ကိုလိုနီသူကျွန်ဘဝသို့ ရောက်ရှိခဲ့ရပေသည်။ နယ်ချဲ့တို့က မြန်မာနိုင်ငံကို သိမ်းပိုက်ပြီး မြန်မာလူမျိုးတို့အား သူကျွန်ဘဝသို့ရောက်ရှိစေရန် စနစ်တကျ စီမံအုပ်ချုပ်ခဲ့ကြသည်။ ဗြေပေါ်မြေအောက်သယံဇာတတို့ကို နည်းအမျိုးမျိုးဖြင့် သိမ်းပိုက်ခဲ့ကြသည်။ မြန်မာလူမျိုးတို့၏ ဘာသာတရား၊ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ စာပေနှင့်ယဉ်ကျေးမှုတို့ကိုလည်း ပျက်ပြားသွားသည်အထိ နည်းအမျိုးမျိုးဖြင့် စီမံအုပ်ချုပ်ခဲ့ကြပေသည်။ ထို့ပြင် တိုင်းရင်းသားအချင်းချင်း သွေးစည်းညီညွတ်မှုပျက်ပြားအောင် နယ်ချဲ့တို့က တောင်ပေါ်နှင့်မြေပြန့်ဟူ၍ သွေးခွဲအုပ်ချုပ်ခဲ့ပြီး တိုင်းရင်းသားအချင်းချင်း သံသယဖြစ်အောင် ဖန်တီးခဲ့ကြသည်။

လေးစားချစ်ခင်ရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-

နယ်ချဲ့လက်အောက်တွင် မြန်မာတိုင်းရင်းသားပြည်သူအပေါင်းတို့ အနေအစား ဆင်းဆင်းရဲရဲဖြင့် နေခဲ့ကြရပေသည်။ ကိုလိုနီနယ်ချဲ့တို့၏စည်းရုံးမှုကြောင့် ကျွန်ုပ်ဘာရေးစနစ်ပေါ်ပေါက်ခဲ့ပြီး သခင်အားရ ကျွန်ုပ်ပါဝဆိုသည့် အတိုင်း ကျွန်သက်ရှည်စေချင်သူများလည်း ပေါ်ပေါက်ခဲ့ပေသည်။ သို့သော် ထက်မြက်သော မျိုးချစ်လူငယ်များ၏ နိုင်ငံရေးအသိအမြင် ကြွယ်ဝမှု၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု၊ တောင်သူလယ်သမား အလုပ်သမား ပြည်သူလူထုစုပေါင်းအင်အားကြီးထွားလာမှု၊ သူကျွန်မခံလိုသည့် တော်လှန်ရေးစိတ်ဓာတ် ပြင်းပြမှုတို့ကြောင့် နယ်ချဲ့ကို တွန်းလှန်တိုက်ခိုက်ခဲ့ကြပေသည်။

ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့် ပညာတတ်လူငယ်များက မိမိအသက်ကိုစွန့်ပြီး ရဲရင့်တက်ကြွစွာဖြင့် ပြည်သူတပ်မတော်ကြီးကို တိုင်းရင်းသားအားလုံးပါဝင်လာအောင် စည်းရုံးထူထောင်နိုင်ခဲ့ပေသည်။ ပြည်သူတပ်မတော်အင်အားဖြင့် နယ်ချဲ့ကိုလိုနီတို့ကို မောင်းထုတ်နိုင်ခဲ့သော်လည်း လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် ဖက်ဆစ်စနစ်၏ အရိုန်ပြင်းစွာဖြင့် ထိုးဖောက်ဝင်ရောက်လာမှုကိုလည်း မြန်မာပြည်သူတို့ ခံစားခဲ့ခဲ့ရပေသည်။ ပြည်သူနှင့် တပ်မတော်လက်တွဲပြီး ဖက်ဆစ်တို့ကို တွန်းလှန်ခဲ့ကြရပါသည်။ ဖက်ဆစ်တို့ကိုမြန်မာမြေမှ မောင်းထုတ်ပြီးနောက် နယ်ချဲ့အစိုးရသည် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်လာသည့်အခါတွင်လည်း ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ မြန်မာခေါင်းဆောင်ကြီးများသည် လွတ်လပ်ရေးအတွက် နိုင်ငံရေးနည်းလမ်းဖြင့် တိုက်ပွဲဝင်ခဲ့ကြရပေသည်။ လွတ်လပ်ရေးကို ပြည်သူတစ်ရပ်လုံးက အပြည့်အဝရရှိခံစားနိုင်ရေးအတွက် တောင်ပေါ်မြေပြန့်မခွဲခြားဘဲ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာဖြင့် စုပေါင်းညှိနှိုင်းကာ တိုက်ပွဲဝင်ခဲ့ကြပေသည်။ သို့အတွက်ကြောင့် တိုင်းရင်းသားပြည်သူ အပေါင်းတို့၏ ကာယအား၊ ဉာဏအား၊ စုပေါင်းအားတို့အပြင် အသက်၊ သွေး၊ ချွေးတို့ကိုရင်း၍ ငိုင်းဝန်းကြုံးပမ်းခဲ့ကြသည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်သော၊ အချုပ်အခြာအာဏာပိုင်သော နိုင်ငံတော်ကြီးအဖြစ်သို့ ရောက်ရှိခဲ့ရာ ယခုဆိုလျှင် (၆၄)နှစ်တိုင်တိုင်ရှိခဲ့ပေပြီ။ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာ ပြန်လည်ရရှိရေးတို့အတွက် ပေးဆပ်ခဲ့ရသော ပြည်သူတို့၏ အသက်၊ သွေး၊ ချွေးတို့မှာလည်း များစွာကြီးမားလှပေသည်။ ယနေ့အချိန်အခါတွင် အင်အားကြီးမားသောသူတို့က အင်အားနည်းသော သူတို့ကို လွှမ်းမိုးချုပ်ကိုင်နိုင်ရန် နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးပမ်းလျက်ရှိသည်ကို ပြည်ထောင်စုဖွားတိုင်းရင်းသား အားလုံးက အထူးသတိပြုရမည်ဖြစ်ပေသည်။ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် မြန်မာပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ကြရန် လိုအပ်ပေသည်။ မြန်မာပြည်သူများကသာ မြန်မာနိုင်ငံ၏သာယာလှပမှုတို့ကို ဖန်တီးပေးနိုင်သူများဖြစ်ကြသည်။ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု ပြိုကွဲလျှင် တိုင်းတစ်ပါးသားတို့၏ လွှမ်းမိုးချုပ်ကိုင်မှုအောက်သို့ မြန်လည်ကျရောက်နိုင်သည်ကို သတိပြုသင့်ပေသည်။ ထို့ကြောင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားပြည်သူအားလုံးက စုပေါင်းထိန်းသိမ်းကာကွယ်ကြရန် အထူးလိုအပ်လှပေသည်။

လေးစားချစ်ခင်ရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-

မြန်မာပြည်သူတို့ ကိုလိုနီနယ်ချဲ့လက်အောက်က လွတ်မြောက်ဖို့အတွက် တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်စွာဖြင့် အသက်ပေးပြီးလွတ်လပ်ရေးကိုရယူခဲ့သော်လည်း လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် တိုင်းပြည်ကို ပြန်လည်ထူထောင်ရမည့်အစား ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲ၊ လူမျိုးစွဲတွေကြောင့် လက်နက်စွဲကိုင်ပြီး တိုင်းရင်းသားအချင်းချင်း သွေးခွေးစီးတိုက်ပွဲတွေ ဖြစ်ပေါ်ခဲ့ရပေသည်။ တိုင်းရင်းသားပြည်သူတို့လည်း ဒုက္ခပင်လယ်ဝေခဲ့ကြပေသည်။ ဤသို့စက်ဆုပ်ဖွယ်ကောင်းသည့် အခြေအနေဆိုးနှင့် တိုင်းပြည်ပြိုကွဲတော့မည့်အခြေအနေဆိုးတို့ကို ကြုံသည့်အခါ တိုင်း ပြည်သူတပ်မတော်က တိုင်းပြည်ကို အကြိမ်ကြိမ်ကယ်တင်ပြီး ကာကွယ်စောင့်ရှောက်ခဲ့ပေသည်။ ၁၉၈၈ ခုနှစ် တွင် ဖြစ်ပွားခဲ့သည့် အခြေအနေဆိုးတွေကြောင့် အဘက်ဘက်က ယိုယွင်းပျက်စီးနေသည့် နိုင်ငံတော်ကြီး အသစ်ပြန်လည်တည်ဆောက်ကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးသို့ ရောက်ရှိအောင် ပြည်သူတပ်မတော်က ဦးဆောင်လမ်းညွှန်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးဖြစ်ပေသည်။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဖြစ်ပေါ်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများကို ဘက်စုံ၊ ကဏ္ဍစုံမှ တည်ဆောက်ပေးခဲ့သည်။ နိုင်ငံရေးအရလည်း ပြည်တွင်းငြိမ်းချမ်းမှုကို ဆောင်ရွက်ပေးခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတို့ကိုလည်း ပြည်သူ့ရင်ခွင်သို့ရောက်အောင် ပို့ဆောင်ပေးခဲ့သည်။ နိုင်ငံတော်ရှေ့ဆောက်သွားမည့် လမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ရန် အတွက် အခြေခံဥပဒေရေးဆွဲခြင်း၊ ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပခြင်း၊ အခြေခံဥပဒေအတည်ပြုခြင်း၊ အထွေထွေရွေး ကောက်ပွဲကျင်းပခြင်း၊ ပြည်သူကိုယ်စားလှယ်များဖြင့် ပြည်သူ့လွှတ်တော်အဆင့်ဆင့် ခေါ်ယူကျင်းပခြင်း၊ ပြည်သူက ရွေးချယ်တင်မြှောက်သော ကိုယ်စားလှယ်များဖြင့် အစိုးရအဖွဲ့ ဖွဲ့စည်းခြင်းတို့ကို အဆင့်ဆင့်ပြုလုပ်နိုင်ခဲ့ပေသည်။ ဤသို့အဆင့်ဆင့် ကြိုးပမ်းခဲ့သည့်အတွက် ယနေ့အချိန်အခါတွင် ပြည်သူအစိုးရအဖွဲ့သစ်တစ်ခု ပေါ်ပေါက်လာပြီဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည်လည်း ပါတီစုံဒီမိုကရေစီစနစ်ဖြင့်ချီတက်လျက် ပြောင်းလဲတိုးတက်နေသည့် အခြေအနေတို့ကို ပြည်သူတို့အသိပင်ဖြစ်ပေသည်။

လေးစားချစ်ခင်ရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ပြည်သူတို့၏ အခန်းကဏ္ဍသည် အခြေခံကျပြီး နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား၊ နိုင်ငံတော်ကာကွယ်ရေးအင်အားတို့ တောင့်တင်းခိုင်မာဖို့လည်း အထူးလိုအပ်လှပေသည်။ နိုင်ငံရေးအင်အားဆိုသည်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပင်ဖြစ်ပေသည်။ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ပြီး တိုင်းပြည်ငြိမ်းချမ်းမှသာ ဒီမိုကရေစီစနစ်ကို ကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပေသည်။ ဒီမိုကရေစီစနစ်ကျင့်သုံးပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှသာ တိုင်းရင်းသား ပြည်သူတို့၏ လူမှုစီးပွားရေးဘဝမှာလည်း တိုးတက်မြင့်မားလာမည်ဖြစ်ပေသည်။ သို့အတွက်ကြောင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးသည် အထူးလိုအပ်လှသည်ကို ပြည်သူအားလုံးက သတိပြုသင့်ပေသည်။

စီးပွားရေးအင်အားတောင့်တင်းဖို့အတွက် ပြည်သူတို့၏ ပူးပေါင်းပါဝင်မှု လိုအပ်ပေသည်။ စိုက်ပျိုးရေးကို ဆက်လက်၍ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်ပြီး စက်မှုနိုင်ငံထူထောင်ရေးအတွက် စက်မှုလုပ်ရုံများဖော်ထုတ်၍ နိုင်ငံခြားအရင်းအနှီးမြှုပ်နှံမှုကိုဖိတ်ခေါ်ကာ ကြိုးစားလျက်ရှိပေသည်။ အသိပညာရှင်၊ အတတ်ပညာရှင်၊ လူသားအရင်းအမြစ်တွေကို အသုံးချပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးဖော်ဆောင်ဖို့အတွက် ဦးတည်ကြိုးပမ်းလျက်ရှိပါသည်။

စီးပွားရေးကဏ္ဍတွင် ဧရာကွက်စီးပွားရေးစနစ်ပေါ်ပေါက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကျန်းမာသန်စွမ်းပြီး စွမ်းရည်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များစွာ လိုအပ်ပေသည်။ သို့အတွက် ကြောင့် အနာဂတ်နိုင်ငံတော်အတွက် လူစွမ်းအားအရင်းအမြစ်များ ကောင်းမွန်စွာအသုံးပြုနိုင်ရေးအတွက် ပညာရေး ကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍကိုလည်း တိုးတက်ဖွံ့ဖြိုးအောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပေသည်။

နိုင်ငံတော်ကာကွယ်ရေးအတွက် ကမ္ဘာ့အဆင့်မီ တပ်မတော်တစ်ရပ်ခိုးဖို့ လိုအပ်ပေသည်။ အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်ကာ မျိုးချစ်စိတ်ထက်သန်သည့် ပြည်သူတပ်မတော်ကိုဖွဲ့စည်းရာတွင် ပြည်သူတစ်ရပ်လုံး ပါဝင်လာဖို့ လိုအပ်လှပေသည်။

လေးစားချစ်ခင်ရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် တည်ဆောက်ရာတွင် တိုင်းရင်းသားပြည်သူအားလုံး၏ စည်းလုံးညီညွတ်မှု၊ ပူးပေါင်းပါဝင်မှုတို့ လိုအပ်လှပေသည်။ တိုင်းရင်းသားအချင်းချင်း သွေးစည်းညီညွတ်မှုမရှိဘဲ ပြိုကွဲခဲ့ပါက မိမိတို့ရည်မှန်းချက်မပြီးနိုင်ဘဲဖြစ်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ လျှောက်လှမ်းနိုင်မည်မဟုတ်ပေ။ သို့အတွက်ကြောင့် ပြည်ထောင်စုသမ္မတနိုင်ငံတော်ကြီး တည်ထောင်ရာတွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် လွတ်လပ်ရေး၏အနှစ်သာရတို့ကို မပျောက်ပျက်သွားအောင် ပြည်သူတစ်ရပ်လုံးက နိုင်ငံရေးသတိကြီးစွာဖြင့် ထိန်းသိမ်းကာကွယ်သွားကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ပါသည်။ ။

(၆၄) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုပါ၏။

ကြေးမုံစာတည်ရှင်ထောင်

၄-၁-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

ဒို့ပြည် ဒို့မြေကြီးကို အလေးထား၍ ကာကွယ်မည်

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့။

(ယနေ့)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့။

ကိုယ့်မြေ ကိုယ့်ရေ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး ကိုယ့်ယဉ်ကျေးမှုဖြင့် ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်လျက်ရှိသည့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံတော်။

လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ်သို့ လွယ်လွယ်ကူကူရရှိ၊ ရောက်ရှိခဲ့သည်ကား မဟုတ်ပေ။ ဇာတိသွေး၊ ဇာတိမာန် ထက်သန်သူ တိုင်းချစ် ပြည်ချစ် ရဟန်းရှင်လူ တိုင်းရင်းသားပြည်သူများ၏ အသက်သွေးသွေးများ စွန့်လွှတ်၍ နယ်ချဲ့တို့အား တွန်းလှန်တိုက်ထုတ်ပြီးမှ ရယူခဲ့ရသောလွတ်လပ်ရေး ဖြစ်သည်။

လွတ်လပ်ရေးဟူသည် ညီညွတ်မှုမရှိသည့်အခါ ဆုံးရှုံးရန် မြန်ဆန်လွယ်ကူသောလောက် ပြန်လည်ရရှိရေး ကြိုးပမ်းရာတွင်မူ ကာလကြာရှည်တတ်သည်။ အသက်သွေးသွေးပေါင်းများစွာ ရင်းနှီးပေးဆပ်ပြီး ခက်ခက်ခဲခဲ တိုက်ပွဲဝင်ပြီးမှသာ ပြန်လည်ရရှိနိုင်သည်။ မြန်မာတိုင်းရင်းသားပြည်သူအပေါင်းတို့သည် ခေတ်ပေါင်းများစွာ နှစ်ပေါင်းများစွာ ဖြတ်သန်းကျော်လွှားခဲ့ရသော သမိုင်း ခေတ်ရေစီးကြောင်းတွင် သူကျွန်ာဘဝဖိနှိပ်ချုပ်ချယ်မှုများကို ခံစားခဲ့ကြရပြီ။ ခါးသီးသောအတွေ့အကြုံများလည်း ရရှိခဲ့ကြပြီ။ လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သောနိုင်ငံသားဘဝ၌ လွတ်လပ်မှုအနှစ်သာရများကို တွေ့ကြုံရရှိခံစားနေကြရပြီဖြစ်သည်။

ယင်းသို့ အစဉ်အလာကောင်း၊ စိတ်ဓာတ်ကောင်းများရှိသည့် ဘိုးဘွားများ အစဉ်အဆက် တည်ဆောက်ထိန်းသိမ်းလာခဲ့သည့် လွတ်လပ်သော မြန်မာနိုင်ငံကို တိုင်းရင်းသားပြည်သူများအားလုံးက ဆက်လက်ကာကွယ်စောင့်ရှောက်ကြရပါမည်။ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း ညမကွဲ သိုက်မပျက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နေထိုင်ရင်း နိုင်ငံလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထာဝရတည်တံ့ခိုင်မြဲအောင် ဆက်လက်ကြိုးပမ်းစွမ်းဆောင်ကြရပါဦးမည်။

မျက်မှောက်ကာလ၌ ခေတ်သစ် စနစ်သစ် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီ ခရီးဆက်နေပြီ။ နိုင်ငံတော်အစိုးရက ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစသည့် ကဏ္ဍအသီးသီးတွင် ဒီမိုကရေစီနည်းလမ်းတကျ ပြုပြင်ဆောင်ရွက်နေပြီ။ ပြည်သူများ၏ အနာဂတ်ဘဝသာယာလှပအောင် တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်ဟူသော လောကပါလတရားများ ထွန်းကားအောင် ကြိုးပမ်းလျက်ရှိသည်။

သို့ဖြစ်၍ တိုင်းရင်းသားပြည်သူများအားလုံးကလည်း မိမိတို့တစ်ဦးချင်း၏ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ ညီညွတ်မှုစွမ်းပကားဖြင့် ကိုယ့်ပြည် ကိုယ့်မြေ လွတ်လပ်သောအချုပ်အခြာအာဏာပိုင် ဒီမိုကရေစီနိုင်ငံတော်ကြီး ရေရှည်တည်တံ့အောင် အလေးထား၍ ကာကွယ်စောင့်ရှောက်သွားကြရန် တိုက်တွန်းပါသည်။ ။

ကျောင်းခြားရေလှောင်တမံစီမံကိန်းနှင့် ရေကျော်ရေလှောင်တမံစီမံကိန်းတို့သည် လယ်မြေကေ ၁၀၀၀ ခန့်ကို နွေစပါးနှင့် အောင်ရေလိုအပ်သောသီးနှံများအတွက် ရေပေးဝေနိုင်

ရန်ကုန် ဇန်နဝါရီ ၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖြင့်လှိုင်နှင့် ဧရာဝတီတိုင်းဒေသကြီး လွတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်တို့သည် တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးတင်မိုး၊ ရိုင်တိုင်းရင်းသားရေရာဝန်ကြီး ဦးပါကူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂ ရက် ၁၀ နာရီခွဲတွင် ပဲခူးတိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြတိုက်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ပဲခူးမြို့နယ်ခွဲ ကျဲကူးကျေးရွာသို့ရောက်ရှိပြီး ဘုန်းတော်ကြီးကျောင်း သုံးကျောင်းအတွက် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်မီးလုံး ခြောက်ပုံးစီကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး လွတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်နှင့် ဇန်းဒေါ်ခင်မေလေးတို့က ကျဲကူးကျေးရွာနေ (၆၅)နှစ်အထက် အသွား ၄၄ ဦး၊ ပြည်ထောင်စုဝန်ကြီးက (၆၅) နှစ်အထက် အဘိုး ၂၇ ဦးတို့အား တဘက်၊ အနွေးထည်၊ လုံချည်၊ ပုဆိုး၊ ဆေးပါးနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းကြပြီး ကျဲကူးကျေးရွာစာကြည့်တိုက်သို့ ရောက်ရှိကာ ပြည်ထောင်စုဝန်ကြီး ဦးဖြင့်လှိုင်က ငွေပေးသာပင် ငွေကျပ် ၀၆း၀သိန်းကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ကျဲကူးတိုက်နယ်အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးလွတ်တော်ဥက္ကဋ္ဌတို့က ဆရာ ခုနစ်ဦး၊ ဆရာမ ၂၈ ဦး တို့အတွက် တဘက်၊ အနွေးထည်နှင့် စားသောက်ဖွယ်ရာများ၊ ကျောင်းဝတ်စုံများကို ပေးအပ်ကြသည်။

ယင်းနောက် ဦးဝင်မောင်အေး(K.M.A) ဆောက်လုပ်ရေးကုမ္ပဏီက ငွေကျပ်သိန်း ၅၀ နှင့် ဦးထွန်းရင် (Capital Diamond Star Group Foundation) က ငွေကျပ်သိန်း ၅၀ တို့ကို ပေးအပ်လှူဒါန်း၍ ပညာရေးငွေပေဒေသာပင် ကျပ်သိန်း ၁၀၀ စိုက်ထူပေးကြသည်။

ဆက်လက်၍ (၀၆)ခုတင်ဆံ့ ကျဲကူးတိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေကြသော လူနာများအား ထောက်ပံ့ငွေများ၊ စားသောက်ဖွယ်ရာများ၊ အနွေးထည်နှင့် တဘက်တို့ကို ပေးအပ်လှူဒါန်း၍ အားပေးစကား ပြောကြားကာ ပြည်ထောင်စုဝန်ကြီး ဦးဖြင့်လှိုင်က တိုက်နယ်ဆရာဝန်နှင့် သူနာပြု ခုနစ်ဦးအတွက် စားသောက်ဖွယ်ရာနှင့် ဝတ်စုံများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဦးထွန်းရင်နှင့် ဦးခင်မောင်အေးတို့က ငွေကျပ်သိန်း ၅၀ စီကို ဆေးရုံငွေပေဒေသာပင်အဖြစ် ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ကျဲကူးကျေးရွာအနီး ကျောင်းခြားချောင်းပေါ်၌ တည်ဆောက်မည့် ကျောင်းခြားရေလှောင်တမံစီမံကိန်း **(အပေါ်ပုံ)** လုပ်ငန်းခွင်နှင့် ရေကျော်ချောင်းပေါ်၌ တည်ဆောက်မည့် ရေကျော်ရေလှောင်တမံ စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက ကျောင်းခြားရေလှောင်တမံစီမံကိန်းနှင့် ရေကျော်ရေလှောင်တမံစီမံကိန်းတို့သည် လယ်မြေ ၈က ၁၀၀၀ ခန့်ကို နွေဝယ်နှင့် အောင်ရေလိုအပ်သော သီးနှံများအတွက် ရေပေးဝေနိုင်မည့်အပြင် ရေချိုရှားပါးသော ကျဲကူးတိုက်နယ်အတွက် ရေဂါလန် သန်းပေါင်းများစွာ ဖြန့်ဖြူးပေးနိုင်မည် ဖြစ်သကဲ့သို့ ရေအားလျှပ်စစ်ပါ ထုတ်လုပ်ပေးနိုင်မည်ဖြစ်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကို များစွာအထောက်အကူပြုမည် ဖြစ်ကြောင်း၊ တူးမြောင်းစနစ်များကိုပါ ပိုးမကျမီကာလအတွင်း ပြီးစီးအောင် အကောင်အထည်ဖော်၍ ဆည်ကိုထိန်းသိမ်းကြမည့် ဝန်ထမ်းများအတွက် Small Scale Model Farm များအား စိုက်ပျိုးရေးနှင့် မွေးမြူရေးပေါင်းစည်းလယ်ယာ Integreated Farmming စနစ်ကို စမ်ဆောင်ရွက်ထူထောင်အကောင်အထည်ဖော်ပေးသွားရန် လိုကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ စီမံကိန်းရှင်းလင်းဆောင်ရွက်သွားရန်အတွက် ကျဲကူးကျေးရွာသေ ဖွံ့ဖြိုးရေးနှင့် စာသင်ကျောင်း၊ ဆေးရုံ၊ စာကြည့်တိုက်များအတွက် SKY NET ရုပ်မြင်သံကြားစက် ငါးစုံ လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး လွတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် ကျောင်းခြားရေလှောင်တမံ စီမံကိန်းနှင့် ရေကျော်ရေလှောင်တမံ စီမံကိန်း၏ အကောင်အထည်ဖော်ပြီးစီးမှု စက်ယန္တရားကြီးများဖြစ်သော Track Dozer Class II ကိုးစီး၊ Hydraulic Excavator (B/H) ခြောက်စီး၊ Dumper Truck ၁၂ စီး၊ Sheep Foot Roller နှစ်စီး၊ Wheel Loader တစ်စီးတို့ဖြင့် အရှိန်အဟုန်မြှင့်၍ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးဌာနများ၏ ၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ် ဒုတိယသုံးလပတ် ဝင်ငွေ-အသုံးစရိတ် ဆန်းစစ်ချက်

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးဌာနများ၏ ၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ် ဒုတိယသုံးလပတ် ဝင်ငွေ-အသုံးစရိတ် ဆန်းစစ်ချက်အစီရင်ခံစာကို ပဲခူးတိုင်းဒေသကြီး လွတ်တော်အစည်းအဝေး၌ ဝန်ကြီးဌာနများက တင်ပြခဲ့ကြပြီး ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးဌာနများ၏ ၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ် ဒုတိယသုံးလပတ် ဝင်ငွေ-အသုံးစရိတ် ဆန်းစစ်ချက်အစီရင်ခံစာကို ပဲခူးတိုင်းဒေသကြီး လွတ်တော်အစည်းအဝေး၌ ဝန်ကြီးဌာနများက တင်ပြခဲ့ကြပြီး ဖြစ်သည်။

ပဲဖော်ဝါရီ ၁ ရက်တွင် ဖွင့်လှစ်မည့် ထီဖွင့်ပွဲမှစ၍ အထူးဆုကြီးအဖြစ် ကျပ်သိန်း ၁၅၀၀ ဖွင့်လှစ်ပေးသွားမည်

နေပြည်တော် ဇန်နဝါရီ ၃

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆဥ္စာနွဲ့သည် ဖေဖော်ဝါရီ ၁ ရက်တွင် ဖွင့်လှစ်မည့် (၂၇၇)ကြိမ်မြောက် ထီဖွင့်ပွဲမှစ၍ အထူးဆုကြီးအဖြစ် ကျပ်သိန်း ၁၅၀၀ အား တိုးမြှင့်၍ အကြိမ်စဉ်အလိုက် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ခွဲဝေပေးမည့် ဆုမဲအရေအတွက်မှာ ကျပ်သိန်း ၁၅၀၀ တစ်ဆု၊ ကျပ်သိန်း ၁၀၀၀ တစ်ဆု၊ ကျပ်သိန်း ၅၀၀ တစ်ဆု၊ ကျပ်သိန်း ၃၀၀ နှစ်ဆု၊ ကျပ်သိန်း ၂၀၀ လေးဆုနှင့် ကျပ်သိန်း ၁၀၀ မင်္ဂလာစုံတွဲယူနှစ် ၁၅ ယူနှစ်အပါအဝင် ဆုမဲပေါင်း ၁၆၁၉၃ ဖြစ်သည်။

(၂၇၆)ကြိမ်မြောက် အောင်ဘာလေသိန်းထီဖွင့်ပွဲထက် ဆုမဲပေါင်း ၁၈၈၆ ဆု တိုးမြှင့်ခွဲဝေပေးမည်ဖြစ်သည်။

အထူးဆုကြီး တန်ဖိုးကျပ်သိန်း ၁၅၀၀ တိုးမြှင့်ဖွင့်လှစ်ပေးခြင်းကြောင့် ထီလက်မှတ်တန်ဖိုး ပြောင်းလဲမှုမရှိဘဲ ရောင်းချပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၃ - ၁ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၁. ၃၆၀၀	၀. ၀၃၁၈၉
တရုတ် (ယွမ်)	၆. ၂၉၄၀၀	၀. ၁၅၈၈၈
အိန္ဒိယ (ရူပီး)	၅၁. ၂၂၅၀	၀. ၀၁၈၇၉
မလေးရှား (ရင်းဂစ်)	၃. ၁၇၀၀၀	၀. ၃၁၅၄၆
စင်ကာပူ (ဒေါ်လာ)	၁. ၂၈၅၃၇	၀. ၇၇၂၉၉
ဂျပန် (ယန်း)	၇၆. ၇၂၄၆	၀. ၀၁၃၀၃
တောင်ကိုရီးယား(၀မ်)	၁၁၅၄. ၅၉	၀. ၀၀၀၈၇
ယူရို	၀. ၇၆၇၃၈	၁. ၃၀၃၀၄
ဩစတြေးလျ (ပေါင်)	၀. ၆၄၀၅၈	၁. ၅၆၁၀၉

အင်တာနက်။

မန္တလေးကုန်စည်ဈေးနှုန်း

(၃-၁-၂၀၁၂)

ဝှေ့ဈေး

အခေါက်ရွှေ(အဆင့်-၁)	၆၈၇၀၀၀
အခေါက်ရွှေ(အဆင့်-၂)	၆၈၅၀၀၀
ရွှေဒင်္ဂါး (ရွှေရည်မဲ့)	၆၁၆၀၀၀

ဆန်ဈေး

(သန့်စင်ပြီး တစ်တင်းခွဲအိတ်ဈေးနှုန်း)

ပေါ်ဆန်းမွေး	၃၅၀၀၀
ရွှေဘိုမနော်	၂၆၀၀၀
မဂျင်းတော	၂၈၀၀၀
စောရွှမ်(ဟောင်း)	၂၅၀၀၀
စောရွှမ်(သစ်)	၂၁၀၀၀
ပေါ်ကွဲ(ဟောင်း)	၂၂၀၀၀
ပေါ်ကွဲ(သစ်)	၁၉၅၀၀
ဇီယာ(ဟောင်း)	၂၁၅၀၀
ဇီယာ(သစ်)	၁၅၅၀၀
ငပိန်	၁၃၅၀၀/၁၄၀၀၀
ဧရာမင်း(ဟောင်း)	၂၅၀၀၀/ ၂၆၀၀၀
သုခ-မဏ္ဍာရာ	၁၂၅၀၀/၁၃၀၀၀
ရွှေသွယ်	၁၁၅၀၀/၁၂၀၀၀

ဆီဈေး

ပဲဆီ	၃၁၀၀/၃၆၀၀
နှမ်းဆီ	၂၃၅၀/ ၂၄၀၀
ပန်းနမ်းဆီ	၂၅၅၀/ ၂၆၀၀
နေကြာဆီ	၂၅၀၀/ ၂၈၀၀
မုန်ညင်းဆီ	၂၇၀၀/ ၂၇၀၀
ပဲပုပ်ဆီ	၁၉၀၀/၁၉၅၀
ဝါဇွန်ဆီ	၁၇၀၀/၁၇၅၀
စားအုန်းဆီ	၁၈၃၀/၁၈၄၀
ကြက်ဆူဆီ	၃၀၀၀

(၀၀၂)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၄-၁-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၆း၁၅ ၁။ နိုင်ငံတော်သီချင်း
၆း၂၀ ၂။ တရားတော်
၆း၂၅ ၃။ Mail Box
၆း၃၅ ၄။ ကာတွန်းအစီအစဉ်
-စူပါဟီးစတား(အပိုင်း-၁၂)
၇း၀၀ ၅။ **ရသစုံလှယ်ရွှမြင်ဇောတ်လမ်း**
-ချစ်ခွန်းဖွဲ့သီချစ်သူဆီ
(အပိုင်း-၃၈)
၈း၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
၀၆။ အမျိုးသားရေးတေးကဗျာ
၁၀။ ဗွီဒီတဝန်အရေး(၃)ပါး
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ ရယ်စရာပျော်စရာ
ဟာသကမ္ဘာ
-ရွှေရင်နှစ်တဲ့လှရိပ်မြုံ
(ကောင်းပြည့်)၊ နှင်းထက်
ထက်ဝေ၊ ဧရာ၊ ခင်လိုင်၊
တက္ကသိုလ်ဝင်းပုံနှင့်
သရုပ်ဆောင်များ)
[ဒါရိုက်တာ-စိန်ဝင်းလင်း
(ပုံရိပ်ရွှေမြို့)]
၂၁။ အိုင်စီတိသုတ
၂၂။ ယနေ့ည အတွက် မြဝတီ၏
တေးလက်ဆောင်
၂၃။ **ရသစုံလှယ်ရွှမြင်ဇောတ်လမ်း**
-အချစ်ကြီးချစ်(အပိုင်း-၁)
၂၄။ ကြယ်ကလေးတို့ရဲ့
ဂီတမိုးကောင်းကင်

ညပိုင်း

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၃ ၂။ အဖွင့်သီချင်း
၄း၀၅ ၃။ ဇာတ်လမ်းတို့
၄း၁၀ ၄။ မြိုးချစ်တပ်မတော်
၄း၁၅ ၅။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၅ ၆။ ရွေးဟောင်းသုတ
၄း၅၅ ၇။ မီးသတိပေးနိုးဆော်ချက်
၅း၀၀ ၈။ သာယာသီကြွေး
ခေတ်ဆန်းတေး
၅း၃၀ ၉။ **ရသစုံလှယ်ရွှမြင်ဇောတ်လမ်း**
-မာယာနွှတ်ခမ်း
(အပိုင်း-၁၃၀)
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းအပ်နှင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

အမိန့်ကြော်ငြာစာ

အမှတ် ၁/၂၀၁၂

၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်
(၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

နိုင်ငံတော်သမ္မတက အောက်ဖော်ပြပါ ဆရာတော်ကြီးများ၊ ဂန္ထဓုရ ပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရ ပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြ ဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းလိုက်ပါသည်-

အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ ကုဏ္ဍလိယာသဘ၊ မဟိတာရုံကျောင်းတိုက်၊ ကနောင်စုရပ်ကွက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး

၂။ ဘဒ္ဒန္တ တေဇောသာရာဘိဝံသ၊ နိကာရနယူပဒေသကျောင်း၊ မစိုးရိမ်တိုက်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တ ကေသရ၊ မြသိန်းတန်ပရိယတ္တိစာသင်တိုက်၊ အမှတ်(၁၀)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ဘဒ္ဒန္တ သံဝရ၊ သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ မြို့တွင်းကြီး ရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ ကေသရ၊ ခေမဝတီကျောင်းတိုက်၊ ရုံးကြီးရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ဘဒ္ဒန္တ ဝိဇယ၊ မြစည်းခုံစာသင်တိုက်၊ အမှတ်(၁၄)ရပ်ကွက်၊ တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တ သူရိယ၊ ဥဿာသီရိစာသင်တိုက်၊ နန်းတော်ရာရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တ ဓမ္မသာရ၊ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက်၊ ရွာကောက် ရပ်ကွက်၊ နေပြည်တော်၊ ပျဉ်းမနား

၅။ ဘဒ္ဒန္တ ဇနပတိ၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ အမရပူရ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၆။ ဘဒ္ဒန္တ ဝိစိတ္တာဘိဝံသ၊ ပါဠိနယူပဒေသကျောင်း၊ မစိုးရိမ်တိုက်၊ ဒေးဝန်း အရှေ့ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၇။ ဘဒ္ဒန္တ ဝိသုဒ္ဓါစာရာဘိဝံသ၊ သာသနဇောတာရုံကျောင်းတိုက်၊ အမှတ်(၅) နေချင်စရာရပ်ကွက်၊ မတ္တရာမြို့၊ မန္တလေးတိုင်းဒေသကြီး

၈။ ဘဒ္ဒန္တ ဝေပုလ္လ၊ သဒ္ဓမ္မပါလပရိယတ္တိစာသင်တိုက်၊ အမှတ်(၃)ရပ်ကွက်၊ ကျောက်မဲမြို့၊ ရှမ်းပြည်နယ်

ပြည်ပဘွဲ့ခံဆရာတော်ကြီးများ

၉။ ဘဒ္ဒန္တ သီရိသုမနဇောတိထေရ် (Ven. Palltthara Sri Sumanajothi Thero) Subadrarama Purana ကျောင်းတိုက်၊ Maligaspe, Galle မြို့၊ သီရိလင်္ကာနိုင်ငံ

၁၀။ ဘဒ္ဒန္တ ပိယဒဿီထေရ် (Ven. Galayaye Piyadassi Thero) အပြည်ပြည် ဆိုင်ရာ သီရိသဒ္ဓါတိဿဗုဒ္ဓဘာသာစင်တာ၊ အမှတ် 309-311 Kingabury Road, London မြို့၊ အင်္ဂလန်နိုင်ငံ

ဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ သုမင်္ဂလ၊ ဥဿာသီရိစာသင်တိုက်၊ နန်းတော်ရာရပ်ကွက်၊ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၂။ ဘဒ္ဒန္တ ဝါယမ၊ ထူပါရုံမဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ ငတမျှော် ကျေးရွာ၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တ ကုန္ဒာလောကာလင်္ကာရ၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ ဆင်စွယ်ပွတ် ရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တ တေဇဝန္တ၊ ဓမ္မသုခကျောင်းတိုက်၊ သီရိမြိုင်ရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၅။ ဘဒ္ဒန္တ ဒေဝိန္ဒ၊ ဘော်ကြိုဘုရားကြီးကျောင်းတိုက်၊ သီပေါမြို့၊ ရှမ်းပြည်နယ်

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ ဝိသုဒ္ဓ၊ ခေမာသီဝံကျောင်းတိုက်၊ ခေမာသီရိရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်

၂။ ဘဒ္ဒန္တ ရာဇိန္ဒ၊ တောင်ဖီလာစာသင်တိုက်၊ တောင်ဖီလာရပ်ကွက်၊ ကလေးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တ သံဝရာဘိဝံသ၊ မဟာဂန္ဓာရုံ ပရိယတ္တိစာသင်တိုက်၊ အေးမြသာယာ မြို့၊ အုတ်ဖိုမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တ ကုသလ၊ မင်္ဂလာရာမရွှေဘိုကျောင်းတိုက်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၅။ ဘဒ္ဒန္တ ဇနသာရ၊ ပဏ္ဍိတာရုံကျောင်း၊ ညောင်ကန်တိုက်၊ ချမ်းမြသာစည် တောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၆။ ဘဒ္ဒန္တ သုမနာဘိဝံသ၊ သုံးထပ်ကျောင်း၊ ကျောင်းတော်ရာ ရွှေကျင်တိုက် ကြားတောရရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ဘဒ္ဒန္တ ကုန္ဒောဘာသာဘိဝံသ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ်(၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈။ ဘဒ္ဒန္တ စန္ဒဝရ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ်(၇)ရပ်ကွက် မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉။ ဘဒ္ဒန္တ ဝိဇယ၊ သာသနာ့ဝေပုလ္လပရိယတ္တိစာသင်တိုက်၊ အမှတ်(၃)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်

သီလရှင်ဆရာကြီးများ

၁၀။ ဒေါ်ဆန္ဒဘာဂီ၊ သမိဒ္ဓေါဒယကျောင်းတိုက်၊ သမိဒ္ဓေါဒယချောင်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၁။ ဒေါ်ဝိဇ္ဇာနန္ဒီ၊ ခေမေသကချောင်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ အရိယဝံသ၊ အောင်ဆုပန်ကျောင်းတိုက်၊ မြိုက်-သပြေသာကျေးရွာ၊ ရွှေဘိုမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ဘဒ္ဒန္တ ဝိစိတ္တ၊ မြို့မပရိယတ္တိစာသင်တိုက်၊ မြို့မရပ်ကွက်၊ ဗန်းမော်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တ ပညာသာမိ၊ ရွှေအင်းရိပ်သာ ပရိယတ္တိစာသင်တိုက်၊ နေပြည်တော် တပ်ကုန်း

၄။ ဘဒ္ဒန္တ ဓမ္မာဝုဓ၊ မြတ်ရွှေဂူစာသင်တိုက်၊ မိုးကုတ်ဓမ္မရိပ်သာ၊ လယ်ယား(တ) ကျေးရွာ၊ ကျောက်ပန်းတောင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

သီလရှင်ဆရာကြီး

၅။ ဒေါ်အစ္စရိယညာနီ၊ သာသနာ့ဗိမာန်စာသင်တိုက်၊ ရှင်ဖြူရှင်လှကျေးရွာ၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ သေဋ္ဌညာဏ၊ သူရိယာရာမကျောင်းသစ် ပရိယတ္တိစာသင်တိုက်၊ အမှတ်(၅)ရပ်ကွက်၊ ထုံးအိုင်စံပြကျေးရွာ၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်

၂။ ဘဒ္ဒန္တ ပညာဗလ၊ ဇေယျဝတီပရိယတ္တိစာသင်တိုက်၊ ပိန္နဲတောရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တ ကုန္ဒာစက္က၊ ရွှေတောင်ကျောင်းတိုက်၊ မင်းရပ်ရပ်ကွက်၊ လက်ပံတန်းမြို့၊ ပဲခူးတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တ တေဇ၊ ရတနာပါဒပရိယတ္တိစာသင်တိုက်၊ ရွာဘဲနယ်မြေ၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး

၅။ ဘဒ္ဒန္တ တေဇဝန္တ၊ ဓမ္မိကပရိယတ္တိစာသင်တိုက်၊ မြို့မရပ်ကွက်၊ မိုးညိုမြို့၊ ပဲခူးတိုင်းဒေသကြီး

၆။ ဘဒ္ဒန္တ သုန္ဒရ၊ သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ပန်းခြံကုန်း ရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၇။ ဘဒ္ဒန္တ ဝါသဝ၊ မဟာဓမ္မိကာရာမ စမွာယ်ရုံကျောင်းတိုက်၊ အောင်ချမ်းသာ ရပ်ကွက်၊ ရေနံချောင်းမြို့၊ မကွေးတိုင်းဒေသကြီး

၈။ ဘဒ္ဒန္တ ကုသလ၊ ခင်ကြီး ဒွေးကျောင်းတိုက်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး

၉။ ဘဒ္ဒန္တ ကိတ္တိသာရ၊ မဟာဝိသုတာရာမ(အလယ်)တိုက်၊ အမှတ်(၁၀)ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး

၁၀။ ဘဒ္ဒန္တ ဉေယျဝရ၊ မြင်းခြံကျောင်း၊ ရေနံချောင်းကျောင်းတိုက်၊ ချမ်းမြသာစည် မြောက်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၁။ ဘဒ္ဒန္တ ကောဝိဒ၊ မေယဝတီတောင်သမန်ကျောင်းတိုက်၊ သီရိဟေမာအနောက် ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၂။ ဘဒ္ဒန္တ ဥတ္တမသာရာလင်္ကာရ၊ မဟာမြိုင်ကျောင်းတိုက်၊ မဟာမြိုင် (၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၃။ ဘဒ္ဒန္တ အဂ္ဂည၊ ဂုဏဝတီတိုက်ကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၄။ ဘဒ္ဒန္တ သုန္ဒရ၊ စစ်ကိုင်းပရိယတ္တိစာသင်တိုက်၊ ဗိုလ်တေဇရပ်ကွက်၊ ဘီးလင်းမြို့၊ မွန်ပြည်နယ်

၁၅။ ဘဒ္ဒန္တ ကုန္ဒာစရိယ၊ ပရိယတ္တိဓမ္မိကာရုံကျောင်း၊ အောက်ရွာပိုင်းရပ်ကွက်၊ မင်းပြားမြို့၊ ရခိုင်ပြည်နယ်

၁၆။ ဘဒ္ဒန္တ ပညာသာမိ၊ ကျောက်ကုန်းတောရမေဒိနီကျောင်းတိုက်၊ အမှတ်(၁၄) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၇။ ဘဒ္ဒန္တ ဓမ္မသာမိ၊ မဟာဗောဓိပရိယတ္တိစာသင်တိုက်၊ အမှတ်(၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၈။ ဘဒ္ဒန္တ ဓမ္မာစာရ၊ အောင်သီတာပရိယတ္တိစာသင်တိုက်၊ ရှုခင်းသာရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၉။ ဒေါက်တာ ဘဒ္ဒန္တ အာစိဏ္ဏ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၀။ ဘဒ္ဒန္တ နရိန္ဒ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ်(၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၁။ ဘဒ္ဒန္တ ဓမ္မာနန္ဒာဘိဝံသ၊ မဟာဓမ္မိကာရာမကျောင်း၊ ကံသာရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်

၂၂။ ဘဒ္ဒန္တ ကောဝိဒါဘိဝံသ၊ ရွှေနံ့သာကျောင်း၊ ရွှေဟင်္သာတောရကျောင်းတိုက်၊ အမှတ်(၇)ရပ်ကွက်၊ ညောင်တုန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး

၂၃။ ဘဒ္ဒန္တ ပညာသိရီရတနာဘိဝံသ၊ မြောင်းမြကျောင်းပရိယတ္တိစာသင်တိုက်၊ အမှတ်(၃)ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

သီလရှင်ဆရာကြီးများ

၂၄။ ဒေါ်ဓမ္မေသီ၊ ဧသုဝတီသီလရှင်စာသင်တိုက်၊ လယ်တီရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၅။ ဒေါ်ခေမာသိဏီ၊ ရတနာမာရ်အောင်သီလရှင်စာသင်တိုက်၊ ကရပ်ပြင် ရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး

၂၆။ ဒေါ်သုနန္ဒီ၊ သာသနဟိတကာရီသီလရှင်ပရိယတ္တိစာသင်တိုက်၊ အမှတ်(၈) အောင်သီတာရပ်ကွက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်

ပြည်ပဘွဲ့ခံသီလရှင်ဆရာကြီး

၂၇။ ဒေါက်တာဒေါ်မောဠိနီ၊ KIMDOL ကျောင်းတိုက်၊ Swayumbu, Kathmandu မြို့၊ နီပေါနိုင်ငံ

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ သီလဝံသ၊ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်

၂။ ဘဒ္ဒန္တ ဓမ္မာလောက၊ မဟာရတနာဘုံစံ မြတောင်ကျောင်းတိုက်၊ ဝါးချက် ကျေးရွာ၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တ စန္ဒိမာ၊ ပိဋကတ်တော်ပြန့်ပွားရေးကျောင်း၊ မြတောင်တိုက်၊ ရတနာ အနောက်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တ ဇယန္တ၊ ကျားရုပ်ပရိယတ္တိစာသင်တိုက်၊ ကျောင်းတက်လမ်းရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ သိရိန္ဒာစာရ၊ ငွေတောင်ပြည်ပရိယတ္တိစာသင်တိုက်၊ ငွေတောင်စံပြ ကျေးရွာ၊ ဒီမောဆိုမြို့နယ်၊ ကယားပြည်နယ်

၂။ ဘဒ္ဒန္တ ပညာသာမိ၊ တောင်ကလေးပရိယတ္တိစာသင်တိုက်၊ တောင်ကလေးရွာ၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်

၃။ ဘဒ္ဒန္တ မင်္ဂလ၊ အနောက်ကျောင်းကြီး ပရိယတ္တိစာသင်တိုက်၊ စက်ရုံရပ်၊ ကောလင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တ ဝိသုဒ္ဓ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဖောင်ဆိုင်ကျေးရွာ၊ ခန္တီးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၅။ ဘဒ္ဒန္တ ကုမာရ၊ ကျွဲကန်ကျောင်း၊ ကျွဲကန်ကျေးရွာ၊ ကျောက်ပန်းတောင်း မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၆။ ဘဒ္ဒန္တ ပညိန္ဒ၊ ရွှေဘုံသာကျောင်းတိုက်၊ လိမ်ပင်ကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၇။ ဘဒ္ဒန္တ ဇာနေယျ၊ ပုလဲမြင့်ဘုန်းတော်ကြီးသင်အလယ်တန်းကျောင်း၊ ရွှေပြည်တိုက်၊ ၈၈ လမ်း၊ ၁၇ × ၁၈ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၈။ ဘဒ္ဒန္တ နာဂိန္ဒ၊ ကျိုက်ထီးဆောင်းဆံတော်ရှင်ဘုရားကြီးကျောင်းတိုက်၊ ဇုတ်သုတ်စံပြကျေးရွာ၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်

၉။ ဘဒ္ဒန္တ ကုန္ဒက၊ မီးဝဘုန်းတော်ကြီးသင်ပညာရေးအလယ်တန်းကျောင်းတိုက်၊ မီးဝကျေးရွာ၊ ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ်

၁၀။ ဘဒ္ဒန္တ ပညာသာရ၊ တပ်ဦးမင်းကုန်းဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ မင်းကုန်းစံပြကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁။ ဘဒ္ဒန္တ နန္ဒာစရိယ၊ ဒက္ခိဏာရုံကျောင်းတိုက်၊ အောင်ချမ်းသာရပ်ကွက်၊ နမ့်ခမ်းမြို့၊ ရှမ်းပြည်နယ်

ပြည်ပဘွဲ့ခံဆရာတော်ကြီးများ

၁၂။ Ven. Saysamone Tepmounithone (ဘဒ္ဒန္တ ဆေစမန်းတက်မိုနီသွန်း) Pakkayoung Village, Viengkham District, Viengchan Province လာအိုနိုင်ငံ

၁၃။ Ven. Chuan Yin (ဘဒ္ဒန္တ ချွမ်ရင်) Fa Yuan Si ကျောင်းတိုက်၊ ပေကျင်းမြို့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

၁၄။ ဒေါက်တာဘဒ္ဒန္တ ဓမ္မပိယ၊ မေတ္တာနန္ဒဝိဟာရဓမ္မရိပ်သာ၊ Metta Vihara 4619, Central Ave Fremont, CA 94536 ကာလီဖိုးနီးယားပြည်နယ်၊ အမေရိကန်နိုင်ငံ

၁၅။ ဒေါက်တာဘဒ္ဒန္တ ဓမ္မသာမိ No.356, Abingdon Road, Oxford Ox1 4TQ, UK, အောက်စဖို့ဒ်ဗုဒ္ဓဝိဟာရကျောင်းတိုက်၊ အောက်စဖို့ဒ်မြို့၊ အင်္ဂလန်နိုင်ငံ

မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ ပဏ္ဍဝ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ နမ့်နောက်ကျေးရွာ၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ်

၂။ ဘဒ္ဒန္တ သေဋ္ဌိလ၊ လောခုခူထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ လောခုခူ ကျေးရွာ၊ ဖရူဆိုမြို့နယ်၊ ကယားပြည်နယ်

၃။ ဘဒ္ဒန္တ ဇောတိသာရ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ တာလံရပ်ကွက်၊ လဟယ်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တ ဓမ္မာဝုဓ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဘုန်းတော်ကြီးသင်ပညာရေး ကျောင်း၊ မောင်ရှင်ကျေးရွာ၊ မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ်

၅။ ဘဒ္ဒန္တ ကုန္ဒောဘာသ၊ ကျားကူးဓမ္မဗိမာန်ကျောင်းတိုက်၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ဘဒ္ဒန္တ ပညာသာရ၊ ပန်းတစ်ပွင့်တောင်သာသနာပြုတောရ ရိပ်သာ ကျောင်းတိုက်၊ ဖူးကြီးရေလှောင်ကန်အနီး၊ တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး

၇။ ဘဒ္ဒန္တ တေဇနိယ၊ အောင်မြေသာယာ(ဇယန်းကြီး)ကျောင်းတိုက်၊ ပလောင် ငြိမ်းချမ်းရေးကုန်း၊ ကျောက်မဲမြို့နယ်၊ ရှမ်းပြည်နယ်

၈။ ဘဒ္ဒန္တ စန္ဒသိရီ၊ ထေရဝါဒဗုဒ္ဓသာသနာပြုပညာဒီပကျောင်း၊ (၂)ရပ်ကွက်၊ မက်မန်းမြို့၊ ရှမ်းပြည်နယ်

၉။ ဘဒ္ဒန္တ ပုညနန္ဒ၊ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်၊ (၁၂)ရပ်ကွက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်

၁၀။ ဘဒ္ဒန္တ အရိယာဝံသ၊ နယ်စပ်သာသနာပြုထေရဝါဒ ဗဟိုဗုဒ္ဓဘာသာဘုန်း တော်ကြီးကျောင်းတိုက်၊ အမှတ်(၅)ရပ်ကွက်၊ မုံးကိုးမြို့နယ်ခွဲ၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်

၁၁။ ဘဒ္ဒန္တ စန္ဒောဘာသ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ စလင်းကျေးရွာ၊ ဖယ်ခုံမြို့နယ်၊ ရှမ်းပြည်နယ်

၁၂။ ဘဒ္ဒန္တ ပညာနန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်

ပြည်ပဘွဲ့ခံဆရာတော်ကြီး

၁၃။ ဘဒ္ဒန္တ ရေဝတ၊ ဓမ္မသုခကျောင်းတိုက်၊ နော့ဝပ်မြို့၊ ကာလီဖိုးနီးယားပြည်နယ်၊ အမေရိကန်နိုင်ငံ

စာမျက်နှာ ၄ ကော်လံ ၁ သို့

❀ စာမျက်နှာ ၃ မှ

သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ သုစိတ္တာနန္ဒ၊ နိသောကာရာမဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ အလင်းတောင်ရပ်ကွက်၊ မိုးမောက်မြို့နယ်၊ ကချင်ပြည်နယ်
၂။ ဘဒ္ဒန္တ ဝိစာရဉာဏ၊ ထေရဝါဒဗုဒ္ဓသာသနာပြု ဗဟိုတောင်တန်းကျောင်း၊ မြို့မရပ်ကွက်၊ ပူတာအိုမြို့၊ ကချင်ပြည်နယ်
၃။ ဘဒ္ဒန္တ စန္ဒိမာ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ နွားလပိုးရွာမကျေးရွာ၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်
၄။ ဘဒ္ဒန္တ နန္ဒာသီရိ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ပန်းအော့ကျေးရွာ၊ မင်းတပ်မြို့နယ်၊ ချင်းပြည်နယ်
၅။ ဘဒ္ဒန္တ ကုဏ္ဍလ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ကတိုးကြီးကျေးရွာ၊ ခရွှီးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တ အာစိဏ္ဏ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုဌာန၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ဘုက္ကန်ကျေးရွာ၊ ခမ်းပတ်မြို့နယ်ခွဲ၊ တမူးခရိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တ ကောသလ္လ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်းတိုက်၊ လုံးဖောကျေးရွာ၊ ကော့သောင်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တ ကုန္ဒက၊ အမှတ်(၁၈)၊ အောင်ပြည်သာဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက်၊ ကျိုက်ပေါ်ကျေးရွာ၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၉။ ဘဒ္ဒန္တ ခေမာစာရ၊ သစ္စဒီပကျောင်း၊ သစ္စဝေဒဂူမိုးကုတ်ဝိပဿနာ မဂ္ဂင်ရိပ်သာ၊ ရေကြည်ကျေးရွာ၊ ရေတံခွန်တောင်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၀။ ဘဒ္ဒန္တ ဉာဏိဿရိယ၊ ရွှေမြို့ကြီးဂိုဏ်းထောက်ကျောင်း၊ ရွှေမြို့ကျေးရွာ၊ တပ်ကုန်းမြို့နယ်
၁၁။ ဘဒ္ဒန္တ သာသနရက္ခိတ၊ သာသနာ့ရောင်ခြည်ဘုန်းတော်ကြီးသင်ပညာရေး (မူလွန်) ကျောင်း၊ အောက်လူလေကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်
၁၂။ ဘဒ္ဒန္တ စန္ဒသူရိယ၊ ရင်းချောင်းသာသနာပြုကျောင်း၊ ရင်းချောင်းကျေးရွာ၊ မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ်
၁၃။ ဘဒ္ဒန္တ ဂါရဝ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဌာန၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ဘားဝေကျေးရွာ၊ မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ်
၁၄။ ဘဒ္ဒန္တ သီလာနန္ဒ၊ မေတ္တာဝါဒီဟင်္သာတ(ပရဟိတ)ကျောင်းတိုက်၊ (၁၆) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၅။ ဘဒ္ဒန္တ ဝိလာသ၊ ထေရဝါဒဗုဒ္ဓသာသနာပြု (ဇေတဝန်ရွှေထီး) မဟာဝန်မြို့လယ်ကျောင်းတိုက်၊ "ဝ" အထူးဒေသ (၂)၊ ပန်ဆန်းမြို့၊ ရှမ်းပြည်နယ်
၁၆။ ဘဒ္ဒန္တ ဉာဏောဘာသ၊ နမ့်လန်မဏ္ဍိမာရာမ (အလယ်ကျောင်း) ပရိယတ္တိစာသင်တိုက်၊ သီပေါမြို့၊ ရှမ်းပြည်နယ်
၁၇။ ဘဒ္ဒန္တ သောဘိတ၊ နတ်ရေကန်သောဘိတာရာမ ပရိယတ္တိစာသင်တိုက်၊ (၁)ရပ်ကွက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်
၁၈။ ဘဒ္ဒန္တ ဝိမလ၊ နမ့်ငေါ့ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်း၊ နမ့်ငေါ့ကျေးရွာ၊ ကျိုင်းလပ်မြို့နယ်ခွဲ၊ တာချီလိတ်မြို့နယ်၊ ရှမ်းပြည်နယ်
၁၉။ ဘဒ္ဒန္တ ဝဏ္ဏိတ၊ ထေရဝါဒဗုဒ္ဓသာ/ပြုကျောင်း၊ ပန်ကော်သာ/ပြုဌာန၊ ပန်ကော်ကျေးရွာ၊ ကျိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ်
၂၀။ ဘဒ္ဒန္တ နန္ဒဓဇ၊ ဟိုလင်းသာသနာပြုဌာန၊ ဟိုလင်းကျေးရွာ၊ မိုင်းခတ်မြို့နယ်၊ ရှမ်းပြည်နယ်
၂၁။ ဘဒ္ဒန္တ ကုန္ဒက၊ သဗ္ဗညု ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ မိုင်းဆတ်မြို့၊ ရှမ်းပြည်နယ်
၂၂။ ဘဒ္ဒန္တ တိက္ခိန္ဒြိယ၊ ရွှေညောင်ပင်ကျောင်းတိုက်၊ ဘုန်းတော်ကြီးသင်မူလွန်ကျောင်း၊ ကွမ်းခြံကုန်းရွာသစ်ကျေးရွာ၊ ကျောင်းကုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

ပြည်ပဘွဲ့ခံ ဆရာတော်ကြီးများ

၂၃။ Ven. Shi Yin Le (ဘဒ္ဒန္တ ရှီရင်လိ) Bai Ma Si ဘုရားကျောင်း၊ Luo Yang မြို့၊ He Nan ပြည်နယ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ
၂၄။ Ven. Lokasanghatthero (a) Mr. Am Limheng (ဘဒ္ဒန္တလောကသံဃထေရော) Munisovann(Champukaek) ဘုရားကျောင်း၊ Sangkat Prakthmei, Khan Meanchay, Phnom Penh ကမ္ဘောဒီးယားနိုင်ငံ
၂၅။ Ven. Dhamma Shobhana (ဘဒ္ဒန္တဓမ္မသောဘန)၊ Bauddhasamakrita Vihara ကျောင်း၊ Minibus Park, Dudhpati ရပ်ကွက်၊ Bhaktapur မြို့၊ နီပေါနိုင်ငံ
၂၆။ Ven. Dr. Pallegama Siriniwasa Nayaka Thero (ဒေါက်တာ ဘဒ္ဒန္တ ပလက်ဂမ သီရိနိဝါသ နာယကထေရော) Sri Maha Bodhiya Temple ဘုန်းတော်ကြီးကျောင်း၊ အနုရာဓပူရမြို့၊ သီရိလင်္ကာနိုင်ငံ
၂၇။ ဘဒ္ဒန္တ ဝါသဝ၊ အိန္ဒိယ-မြန်မာဗုဒ္ဓဘာသာကျောင်း၊ ချန်နိုင်းမြို့၊ တမီးလ်နာဒူးပြည်နယ်၊ အိန္ဒိယနိုင်ငံ
၂၈။ ဒေါက်တာ ဘဒ္ဒန္တ သီရိန္ဒ၊ မြန်မာကျောင်း၊ ဘောဘဇာရပ်ကွက်၊ ကိုလ်ကတ္တားမြို့၊ အနောက်ဘင်္ဂလားပြည်နယ်၊ အိန္ဒိယနိုင်ငံ

သီလရှင်ဆရာကြီး

၂၉။ ဒေါ်သီလဝတီ၊ မြသိင်္ဂီသီလရှင်စာသင်တိုက်၊ သီလရှင်သင်ပညာရေးကျောင်း (ပရဟိတ)၊ ပေါင်းငူဉာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

လူပုဂ္ဂိုလ်

၃၀။ ဦးကျော်ဝေ၊ အမှတ်(၃)၊ လမ်း ၃၀၊ ၇၀×၇၁ လမ်းကြား၊ ရွှေပြည်မန္တလာအိမ်ရာဝင်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ နန္ဒိယ၊ ရွှေစေတီသာသနာ့ရိပ်သာကျောင်းတိုက်၊ ရပ်ကွက်ကြီး(၂)၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂။ ဘဒ္ဒန္တ ဓမ္မပါလ၊ ဘုရားကြီးတောရကျောင်းတိုက်၊ ရွှေပြည်အေးမဟာစည်သာသနာ့ရိပ်သာ၊ ပန်းခင်းကွက်သစ်၊ ပျဉ်းမနားမြို့နယ်
၃။ ဘဒ္ဒန္တ ဉာဏုတ္တရ၊ မြစေတီကျောင်းတိုက်၊ အနောက်ကျောင်း၊ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲအမှတ်(၂၂၈)၊ ဘော့သပြေကန်ကျေးရွာ၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄။ ဘဒ္ဒန္တ ဇာနေယျ၊ ရွှေမင်းဝန်တောရကမ္မဋ္ဌာန်းကျောင်းတိုက်၊ သစ်ဆိမ့်ကုန်းရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
၅။ ဘဒ္ဒန္တ ဝဏ္ဏသာမိ၊ ဂုဏ်တော်ရိပ်သာသန္တာဦးကျောင်း၊ ရန်အောင်ကျောင်းတိုက်၊ သန္တာလမ်းမကြီး၊ (င)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆။ ဘဒ္ဒန္တ ခမာဝုဓ၊ ရွှေပြည်အေးသာသနာ့ရိပ်သာကျောင်းတိုက်၊ အောင်သီတာ (၈)ရပ်ကွက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)

အဂ္ဂမဟာသီရိသုဓမ္မသီဂီဘွဲ့တံဆိပ်

၁။ ဒေါ်ခင်ချိုအုန်း၊ အမှတ်(၂၀၆)၊ သံသုမာလမ်းနှင့် စရည်းပင်လမ်းထောင့်၊ (၂၃)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂။ ဒေါ်ဝင်းဝင်းငွေ(ခ)မငယ်၊ အမှတ်(ဆ/၅၆)ပိတောက်လမ်း၊ အမှတ်(၁) ရပ်ကွက်၊ ဘုရင့်နောင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

သီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်

၁။ ဦးမြင့်သိန်း၊ အမှတ်(၁၄၄)၊ ၄၂ လမ်း၊ ရှမ်းပွဲရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂။ ဦးကျော်ခင်မြင့်၊ အမှတ်(၁၃၄)၊ ရွှေဘုံသာလမ်း၊ အမှတ်(၆)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

သီရိသုဓမ္မသီဂီဘွဲ့တံဆိပ်

၁။ ဒေါ်စန်းကြူ၊ မင်္ဂလာခြံ၊ ၇၃ လမ်း၊ ၂၇×၂၈လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂။ ဒေါ်ဆွေသဇင်၊ ခြံအမှတ်(၃)၊ လမ်း(၃၀)၊ ၇၀×၇၁ လမ်းကြား၊ ရွှေပြည်မန္တလာအိမ်ရာဝင်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

သီဟသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်

၁။ ဦးခင်မောင်၊ အိမ်အမှတ်(၁၀၇)၊ အကွက်(၆၂၂)၊ ကဥ္စနမဟီရပ်ကွက်၊ လမ်း ၃၀၊ ၇၉ × ၈၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂။ ဒေါက်တာ ဦးစိုးမြင့်၊ အမှတ်(၉)၊ မဏိမေခလာလမ်း၊ မကျည်းတန်းတောင်/အနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃။ ဦးကျော်စိုးဝင်း(ခ)ဦးခန့်စည်သူ၊ အမှတ်(၉၀/စီ-၂)ရွှေတောင်ကြား ၁ လမ်း၊ အမှတ်(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

သီဟသုဓမ္မသီဂီဘွဲ့တံဆိပ်

၁။ ဒေါ်စမ်းစမ်း၊ အမှတ်(၁၅)၊ အကွက်အမှတ်(၃၃)၊ (၉)လမ်း၊ ၇၆×၇၇ လမ်းကြား၊ အမရဋ္ဌာနီအရှေ့ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂။ ဒေါ်အိကေသွယ်မင်း၊ အမှတ်(၄)၊ အေ-ဝမ်း/တူး၊ အီးကွန်ဒိုဈေးမြောက်လမ်း၊ ဘုရားကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃။ ဒေါ်ခင်ဆွေဦး၊ တိုက်(၁)၊ အခန်း(၅/၆)၊ ပြည်ထောင်စုလမ်း၊ မြို့ဦးရိပ်မွန်၊ (၂၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) ရန်ကုန်တိုင်းဒေသကြီး

သုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်

၁။ ဦးငွေလှိုင်၊ ပန်းတိမ်ဆော်ရွာ၊ ဆားလင်းကြီးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၂။ ဦးကြည်မောင်၊ အမှတ်(၁၀၃၀/၁၀၃၁)၊ သုမင်္ဂလာလမ်း၊ (၁၆/၁)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃။ ဦးမျိုးဆက်၊ ဧ/၁၃၊ ပိတောက်လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

သုဓမ္မသီဂီ ဘွဲ့တံဆိပ်

၁။ ဒေါ်သန်းငွေ၊ မြို့သစ်ရပ်ကွက်၊ ချောင်းဦးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၂။ ဒေါ်ဝင်းမော်ထွန်း၊ အမှတ်(၄၄)၊ သခင်ဘိုးလှကြီးလမ်း၊ ရွှေဘုံသာရပ်၊ ရေနံချောင်းမြို့၊ မကွေးတိုင်းဒေသကြီး
၃။ ဒေါ်မြရင်၊ အမှတ်(၁၄၁/က)၊ ရဲစုရပ်ကွက်၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်းဒေသကြီး
၄။ ဒေါ်ကာလာဝတီ(ခ)ဒေါ်စန်းစန်း၊ အမှတ်(၁)၊ မြို့မရပ်ကွက်၊ အနော်ရထာလမ်း၊ မိုးကုတ်မြို့၊ မန္တလေးတိုင်းဒေသကြီး
၅။ ဒေါ်ထွေးထွေး (ခ) ဒေါ်ရီရီထွေး၊ အမှတ်(၁၂၄)၊ ၇၃ မင်္ဂလာလမ်း၊ ၂၉ × ၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၆။ ဒေါ်တင်တင်၊ အမှတ်(၁၈)၊ ၄၅ လမ်း၊ ၈၁×၈၂ လမ်းကြား၊ ရွှေဘုန်းရှိန်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၇။ ဒေါ်အေးအေးမြင့်၊ ၈၀×၃၂ လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၈။ ဒေါ်အေးအေးအောင်၊ အမှတ်(ဘီ-၂၆)၊ ရတနာပုံလမ်း၊ ၆၅×၆၆ လမ်းကြား၊ အမှတ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၉။ ဒေါ်မမ (ခေါ်) ဒေါ်ကြည်ကြည်မြ၊ ၆၉လမ်း၊ ၂၇×၂၈ လမ်းကြား၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၀။ ဒေါ်ငွေငွေခိုင်၊ ၆၆ လမ်း၊ သိပ္ပံလမ်းနှင့် သဇင်လမ်းကြား (မ-၂၃/၂ သ + ၂ ဟ)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၁။ ဒေါ်အေးမြင့်၊ အမှတ်(၉)၊ မြောင်းမြလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၂။ ဒေါ်မြမြငွေ၊ အမှတ်(၅၉၈)၊ ဖောင်ကြီးလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၃။ ဒေါ်ခင်ညွန့်၊ အမှတ်(၄၆/အီး)၊ ဖိုးစိန်လမ်းသွယ်၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၄။ ဒေါ်ဥမ္မာလွင်၊ အမှတ် (၃၉-အေ)၊ ရှင်စောပုလမ်း၊ အောင်ချမ်းသာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၅။ ဒေါ်ခင်သီတာ၊ အမှတ် (၅က/၁)၊ မလိခလမ်း၊ အမှတ်(၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ပုံ
သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၃

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ဇန်နဝါရီ ၂ ရက်တွင် နေပြည်တော်ရှိ ဝန်ကြီးရုံး နီလာအစည်းအဝေးခန်းမ၌ ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးငွေအောင်၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဇော်ဝင်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှငွေးနှင့် ဌာနအလိုက် တာဝန်ခံအရာရှိများ၊ ဒေသအလိုက် နယ်ရုံးခွဲတာဝန်ခံအရာရှိများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာန၏ အဓိကရည်မှန်းချက်လုပ်ငန်းတာဝန်များအနက် ဟိုတယ်များအဆင့်မြင့်မား၍ အခန်းအရေအတွက်တိုးပွားရေး၊ သယ်ယူပို့ဆောင်ရေးကိစ္စများ အဆင်ပြေရေး၊ ဧည့်လမ်းညွှန်များ စည်းကမ်းတကျဖြင့် ဧည့်ဝန်ဆောင်မှုပေးနိုင်ရေး၊ ဟိုတယ်နှင့် စားသောက်ဆိုင် ဝန်ထမ်းများ ဝန်ဆောင်မှုကောင်းမွန်စေရေးအတွက် သင်တန်းများပို့ချရေး၊ နိုင်ငံခြားသားများ စိတ်ပါဝင်စားမည့် ခရီးစဉ်များဖြစ်လာအောင် မွမ်းမံပြင်ဆင်ခြင်းနှင့် ခရီးစဉ်အသစ်ဖော်ထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရေး စသည့်လုပ်ငန်းစဉ်များသည် အဓိကကျကြောင်း၊ မိမိဌာနအလိုက် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် ပြင်ပပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦးကဲ့သို့ အောင်မြင်မှုရရှိအောင် မည်ကဲ့သို့ဆောင်ရွက်မည်ကို နည်းလမ်းများရေးဆွဲ၍ တီထွင်ကြံဆဆောင်ရွက်သွားရန် လိုအပ်ကြောင်းပြောကြားပြီး ဝန်ကြီးဌာန၏ ဝင်ငွေတိုးတက်ရှာဖွေရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဖြင့် ဝန်ထမ်းသက်သာချောင်ချိရေးဆောင်ရွက်ပေးနိုင်ရေးနှင့် လာဘ်ပေး လာဘ်ယူမှု ကင်းရှင်းရေးတို့ကို အကျယ်တဝင့်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေး မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြ

နေပြည်တော် ဇန်နဝါရီ ၃

နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဘိလပ်မြေစက်ရုံ(နေပြည်တော်)၌ ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီတွင် စက်ရုံနှင့်ဝန်ထမ်းအိမ်ရာများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စက်ရုံမှူးနှင့် ဝန်ထမ်းများက မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသခြင်းများ ဆောင်ရွက်ကြသည်။

အဆိုပါ မီးငြိမ်းသတ်မှုသရုပ်ပြပွဲသို့ စက်ရုံမှူး ဦးစိုးဝင်းနှင့် ဝန်ထမ်း ၁၅၀ တို့ တက်ရောက်ခဲ့ပြီး တာဝန်ရှိသူများက မီးလောင်ရခြင်းအကြောင်းရင်းများကို ဆွေးနွေးပြောကြား၍ မီးငြိမ်းသတ်နည်းများ၊ မီးသတ်ပစ္စည်းကိရိယာများ၊ မီးသတ်ဆေးရည်နှင့် မီးငြိမ်းသတ်မှု**(အောက်ပုံ)**ကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် အလုပ်သမားဝန်ကြီးဌာန (၆၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အလုပ်သမားဝန်ကြီးဌာန (၆၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ အကောင်းဆုံးစွမ်းဆောင်ရည်နှင့် ထူးခြားသောစွမ်းဆောင်ရည်ဆိုင်ရာဆုများ ချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၃

အလုပ်သမားဝန်ကြီးဌာန (၆၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့် ဦးစီးဌာန၊ အဖွဲ့၊ ကော်မတီရုံးများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဥက္ကဋ္ဌနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က အလုပ်သမားဝန်ကြီးဌာန (၆၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် ရုံးအဖွဲ့မှူးတို့က နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် အကောင်းဆုံးစွမ်းဆောင်ရည်ဆု၊ လုပ်သက်အကြာဆုံးဆု၊ သွေးလှူရှင်ဆုနှင့် ၂၀၁၁ ခုနှစ်အတွင်း ထူးခြားသော စွမ်းဆောင်ရည်များ ဖော်ပြနိုင်ကြသည့် ဝန်ထမ်းများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီး၏ ဇနီး၊ ဒုတိယဝန်ကြီး၏ဇနီးတို့က အလုပ်သမားဝန်ကြီးဌာန (၆၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ကျင်းပသည့် ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်ရိုက်နှင့် စားပွဲတင်တင်းနစ် (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ညောင်လေးပင်မြို့ သတိပဋ္ဌာန်လမ်း(မြောက်ပိုင်း) ကတ္တရာလမ်းသစ်ဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၁ - ၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် သတိပဋ္ဌာန်လမ်း(မြောက်ပိုင်း) ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပရာ **(အောက်ပုံ)**မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအိမ်လှသောင်းက ကတ္တရာလမ်းသစ်နှင့် စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟံစိုးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ သတိပဋ္ဌာန်လမ်း(မြောက်ပိုင်း) ကတ္တရာလမ်းသစ်မှာ အရှည်ပေ ၂၀၀၀ နှင့် အကျယ် ၁၀ ပေရှိပြီး ညောင်လေးပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၂၁၇ သိန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

စမ်းချောင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံဆုပေးပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံဆုပေးပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းသား၊ ကျောင်းသူလေးများက စုံညီပွဲတော်သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်လှိုင်နှင့် ကျောင်းအုပ်ကြီး ဒေါက်တာစန္ဒာမြငြိမ်းတို့က အမှာစကားပြောကြားကြပြီး ဘက်စုံထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများအား ဆုများချီးမြှင့်ကြသည်။

အခမ်းအနားတွင် အလှူရှင် ၁၂ ဦးတို့က ငွေကျပ် ၃၁ သိန်း ငါးသောင်း၊ ကွန်ပျူတာ ရှစ်စုံနှင့် ကျောင်းသုံးပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

ငါးရှဉ့်၊ ကဏန်း ရငွေတိုးခြင်းမှာ ဈေးကောင်းများပိုမိုရခြင်းကြောင့်ဟုဆို

ရန်ကုန် ဇန်နဝါရီ ၃

ငါးရှဉ့်၊ ကဏန်းတင်ပို့မှု အခြေအနေကောင်းလာခြင်းမှာ ရငွေတိုးတက်လာခြင်းမဟုတ်ဘဲ အဓိကအားဖြင့် ဈေးကောင်းများ ပိုမိုရရှိခဲ့ခြင်းကြောင့်ဖြစ်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောသည်။

ကဏန်းနှင့် ငါးရှဉ့် ထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းများမှာ မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းဒေသများနှင့် ကျေးလက်ဒေသများတွင် ပေါများစွာတည်ရှိသော သဘာဝအရင်းအမြစ်များကို အခြေခံ၍ ဖမ်းဆီး၊ စုဆောင်း၊ ရောင်းဝယ်လုပ်ဆောင်ကြခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံသားများအနေဖြင့် ငါးရှဉ့်၊ ကဏန်းများကို ခုံမင်နှစ်သက်စွာ စားသုံးသည့် ဓလေ့မရှိသော်လည်း အိမ်နီးချင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမြင့်မားသည့် တရုတ်နိုင်ငံသားများအနေဖြင့် နှစ်ခြိုက်စွာ စားသုံးသည့် ကုန်ပစ္စည်းများဖြစ်ခြင်းကြောင့် နှစ်စဉ်ကုန်သွယ်မှုတန်ဖိုးများလည်း မြင့်တက်ခဲ့ကာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ငါးရှဉ့်နှင့် ကဏန်းတင်ပို့မှုပို့ကုန်ရငွေပမာဏမှာ သတ်မှတ်လျာထားချက်ကို ကျော်လွန်မြင့်တက်လာခဲ့ပြီး စံချိန်တင်ရမည့် အခြေအနေပင်ဖြစ်ခဲ့ကြောင်း ၎င်းက ပြောပြသည်။

ထိုကဏန်းလုပ်ငန်းတွင် သဘာဝကဏန်းသားပေါက်အရင်းအမြစ်များ ပေါကြွယ်ဝမှုကို အခြေခံ၍ ထုတ်ကုန်အမယ်သစ်အဖြစ် ကဏန်းပျော့မွေးမြူထုတ်လုပ်ရေးဇုန်များ တိုးချဲ့ဆောင်ရွက်ခြင်းကြောင့် ပိုမိုတိုးတက်သော အကြောင်းရင်းတစ်ရပ်အဖြစ် ပါဝင်လျက်ရှိကြောင်း၊ ပြည်ပဈေးကွက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ တစ်နှစ်ထက်တစ်နှစ် ဈေးကောင်းပေး၍ ဝယ်ယူလာခြင်းကြောင့် ဈေးကွက်အခြေအနေအခွင့်အလမ်းတစ်ရပ်ကို ပိုင်ဆိုင်ထားသည်။ (၆၈၀)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၁-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၂၀	MRTV-4 သတင်း
၅း၄၀	“ပုဂ္ဂိုလ်မြတ်တို့၏နှလုံးအိမ်” တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ နန္ဒမာလာဘိဝံသ)
၆း၃၀	ဆည်းကပ်တိုင်းအကျိုးစုံသည် တန်ခိုးဂုဏ်ကြီးမြတ်လှတဲ့ မဟာသံ့သာရရုပ်ရှင်တော်မြတ်
၆း၄၅	(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၇း၂၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “စိတ်၏စေရာ”(အပိုင်း-၇၆)**
၈း၁၅	MRTV-4 သတင်း
၈း၄၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းသုံးပွင့်လေညွှန်ရာ” (အပိုင်း-၂၉)**
၉း၃၅	Show Room (ဟာသဇာတ်လမ်းတွဲ)(အပိုင်း-၁၇)
၉း၄၀	(၂၈)ကြိမ်မြောက် မဟာမဲခေါင် ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေး၊ ခရီးသွားပြပွဲနှင့် ဓာတ်ပုံပြပွဲ
၁၀း၂၅	သန်လျင်မြို့မင်းကျောင်းပထမပြန် စာသင်တိုက်၏ကျောင်းလွှတ် ပူဇာရေစက်ချမင်္ဂလာအခမ်းအနား
၁၀း၄၅	မဆုတ်မနစ်ကြိုးစားခဲ့သူများ၏ အောင်မြင်သောနေ့
၁၁း၀၅	Total E-Banking Solution နှင့်မိတ်ဆက်ခြင်း
၁၁း၂၀	ပေါက်ကုန်းကြီးကျေးရွာဆီက ပညာ့အလင်းကျောင်းတော်သာ
၁၁း၃၀	ယုဇနပလာဇာ ဂေါက်ရိုက်အသင်း၏ ဂေါက်ရိုက်ပြိုင်ပွဲ
၁၁း၅၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မိုးကျရွှေကိုယ်”(အပိုင်း-၁၄)**
၁၂း၂၅	နေချင်စဖွယ်အိမ်အလှဆင်ကြမယ်
၁း၀၀	“ပုဂ္ဂိုလ်မြတ်တို့၏နှလုံးအိမ်” တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ နန္ဒမာလာဘိဝံသ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	ဖက်ရှင်လမ်းညွှန်
၂း၅၅	ရန်ကုန်တက္ကသိုလ်မြန်မာစာ မိသားစု၏အာစရိယပူဇော်ပွဲ
၃း၁၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “စိတ်၏စေရာ”(အပိုင်း-၇၆)**
၄း၁၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းသုံးပွင့်လေညွှန်ရာ” (အပိုင်း-၂၉)**
၄း၅၅	နည်းပညာတက္ကသိုလ်(သန်လျင်) ဓာတုအင်ဂျင်နီယာမြတ်ဆရာ ပူဇော်ပွဲ
၅း၁၀	ရန်ကုန်မြင်ကွင်းကျယ်
၅း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မိုးကျရွှေကိုယ်”(အပိုင်း-၁၄)**
၆း၀၀	MRTV-4 သတင်း
၆း၁၅	Show Room (ဟာသဇာတ်လမ်းတွဲ)(အပိုင်း-၁၈)
၆း၂၀	Road To လူရွှင်တော် 5 Star အငြိမ့်
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “စိတ်၏စေရာ”(အပိုင်း-၇၇)**
၇း၃၀	သင်ကြားရေးလမ်းညွှန်
၇း၄၅	ရန်ကုန်မြင်ကွင်းကျယ်
၈း၀၀	MRTV-4 သတင်း
၈း၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၅၀	Cartoon Show Time
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းသုံးပွင့်လေညွှန်ရာ” (အပိုင်း-၃၀)**
၁၀း၁၅	Celebrity Style
၁၀း၃၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မိုးကျရွှေကိုယ်”(အပိုင်း-၁၅)**
၁၁း၀၅	World of Knowledge
၁၁း၅၅	ပကတိအတိုင်း
၁၂း၁၅	ရွှေတောင်မြို့မှ စည်းလုံးချည်
၁၂း၃၀	စွဲမက်ဖွယ်ရာရတနာ
၁၂း၅၅	ဗိုလ်ကလေးတင့်အောင်၏ ဘဝစာမျက်နှာများ
၁း၃၀	Rh (Negative) သွေးလိုအပ်ခြင်း အကြောင်းသိကောင်းစရာ
၁း၅၀	ဆေးဖက်ဝင်ကွဲကောပင်၏ အာဟာရတန်ဖိုးများအကြောင်း
၂း၀၀	Celebrity Profile(Jet Li)
၂း၃၀	Barclays Premier League (Newcastle United Vs Man U)
၄း၂၅	ဟသ်ာတမြို့ရဲ့ အထင်ကရ နေရာများ
၄း၄၀	**ချစ်သောမြေ ချစ်သောရေ**
၄း၄၅	ပုခန်းကြီးရှေးဟောင်း ကျောင်းတော်ကြီး
၄း၅၅	ဖူးစို့ဘုရားစုံ မြို့ဖျာပုံ
၅း၀၀	အစီအစဉ်ပြီး။

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံဆုပေးပွဲ အခမ်းအနားတွင် ကျောင်းအုပ်ကြီး ဒေါက်တာစန္ဒာမြငြိမ်းထံ အလှူရှင်တစ်ဦးက ကျောင်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပလင်းတန်
ပွံ့ဖြိုးပို့
စာအုပ်စာပေ
လေ့လာစို့

လှိုင်သာယာမြို့နယ် သမဝါယမအသင်းများ ငွေကြေးကိုင်တွယ်ထိန်းသိမ်းရေးနှင့် စာရင်းဇယားတတ်ကျွမ်းလာစေရေး ပညာပေးသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၆ ရက်က မြို့နယ်သမဝါယမဦးစီးဌာနခန်းမ၌ ကျင်းပရာ မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်(မြို့နယ်)က အဖွင့်အမှာစကားပြောကြား၍ မြို့နယ် သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးမြင့်သန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားစဉ်။ (၃၂၉)

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား တရုတ်ကောင်စစ်ဝန်ချုပ် တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၃

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် Mr. Yu Boren သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းနှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုဖြင့် လူဝင်မှုကြီးကြပ်ရေး ဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ ဝန်ထမ်းများ အရည်အသွေးမြင့်မားရေးအတွက် ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများနှင့် နည်းပညာများဖလှယ်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျောင်းအဆင့် တိုးမြှင့်ဖွင့်ပွဲများကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်တို့၌ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) အဆင့်မှ အခြေခံပညာ အထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲများ၊ လမ်းသစ်ဖွင့်ပွဲနှင့် စာကြည့်တိုက်ဖွင့်ပွဲများကို ဒီဇင်ဘာ ၃၁ ရက်တွင် ကျင်းပခဲ့သည်။

ဖွင့်လှစ်ခဲ့မှုများမှာ ပင်းတယမြို့နယ် ကျုံး အခြေခံပညာအထက်တန်းကျောင်း (ခွဲ)မှ အခြေခံပညာ အထက်တန်းကျောင်းအဆင့် ၊ ပင်းတယမြို့နယ် ပွေးလှ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)မှ အခြေခံပညာ အထက်တန်းကျောင်း အဆင့်၊ ရွာငံမြို့နယ် မြင်းကျဒိုးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ အခြေခံပညာအထက်တန်းကျောင်းအဆင့်၊ ရွာငံမြို့နယ် မြိုင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ)မှ အခြေခံပညာ အထက်တန်းကျောင်းအဆင့်၊ ရွာငံမြို့နယ် ရေဦးကျေးရွာ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)မှ အခြေခံပညာအထက်တန်း ကျောင်းအဆင့်သို့ အသီးသီး တိုးမြှင့်ဖွင့်ပွဲများနှင့် ပင်းတယမြို့နယ် ပွေးလှ အထက်တန်းကျောင်း ကျောင်းလမ်း ကတ္တရာလမ်း ဖွင့်ပွဲ၊ ပင်းတယမြို့နယ် ရေချမ်းစင်ကျေးရွာ ပညာပန်းခင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲတို့ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားများသို့ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစပ်အောင်မြတ်နှင့် ဇနီး ဒေါ်ဖြူဖြူညွန့်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ တက်ရောက်အားပေးကြပြီး ကျောင်းမုခ်ဦး၊ လမ်းသစ်နှင့် စာကြည့်တိုက် အဆောက်အအုံတို့ကို ရှမ်းပြည်နယ် လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပင်းတယမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းကြည်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးထူးကိုကိုနှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းဆိုင်းဘုတ်များကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းသား၊ ကျောင်းသူများ၏ အိမ်တွင်းမှုလုပ်ငန်း၊ ကျောင်းစာကြည့်တိုက်နှင့် ကွန်ပျူတာခန်းမတို့ကို ကြည့်ရှုကြပြီး ပြည်နယ်အစိုးရအဖွဲ့၏ လှူဒါန်းငွေများ၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။ အလှူရှင်များနှင့် ဒေသခံပြည်သူများကလည်း ကျောင်းအတွက် အလှူငွေများပေးအပ်လှူဒါန်းကြသည်။ ရေချမ်းစင်ကျေးရွာ ပညာပန်းခင်း စာကြည့်တိုက် အတွက်လည်း TV၊ EVD စက်များ၊ ရေဒီယို၊ နာရီနှင့် သုတရသစာအုပ် စာစောင်များ၊ ငွေပေသာပင် အလှူငွေများ လှူဒါန်းကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပင်းတယမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သည့် ပင်းတယမြို့ တိုးချဲ့ရေပေးရေးအခမ်းအနားသို့လည်း တက်ရောက်အားပေးကာ ရေလှောင်ကန်ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အခမ်းအနားများတွင် ပြည်နယ်လူမှုရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီးဌာန ဝန်ကြီး ဦးစိုင်းဆာလူနှင့် ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဌာန ဝန်ကြီး ဦးစိုင်းထွန်းရင်တို့က လူမှုရေး၊ စိုက်ပျိုးမွေးမြူရေး၊ လျှပ်စစ်မီးလင်းရေးကိစ္စများကို ရှင်းလင်းပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေး သဇင်အမျိုးသမီးဆောင်မှ မီးစတင်လောင်ကျွမ်း

မန္တလေး ဇန်နဝါရီ ၃

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် စကြာနွယ်စဉ်ရပ်ကွက် ၇၄ လမ်း ၃၇ လမ်းနှင့် ၃၈လမ်းကြားရှိ သဇင်အမျိုးသမီး ဆောင်မှ ဇန်နဝါရီ ၂ ရက် ညနေ ၅ နာရီ မိနစ် ၅၀ တွင် မီးစတင်လောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။ အဆောင်အခန်းတွင်း ခြင်ဆေးခွေထွန်းရာမှ မီးစတင်လောင်ကျွမ်း ရခြင်းဖြစ်ပြီး ၁၆ ပေ × ပေ ၄၀ ရှိ နံကပ်နှစ်ထပ်အိမ်နှင့် ထရံကာသွပ်မိုး နှစ်ထပ် အိမ်အပေါ်ထပ် ၁၀ ပေပတ်လည် မီးလောင်ကျွမ်းခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ မီးလောင်ရာသို့ မီးသတ်ကား ၃၈ စီး၊ သန္ဓေမီးသတ် ၄၀နှင့် အရန်မီးသတ် ၁၅၀ တို့လာရောက် မီးငြိမ်းသတ်ကြရာ ညနေ ၆ နာရီ ၁၅ မိနစ်တွင် မီးညွန့်ကျိုးသွားပြီး ညနေ ၆ နာရီ မိနစ် ၂၀တွင် မီးငြိမ်းနိုင်ခဲ့သည်။ အဆိုပါမီးလောင်မှုနှင့် ပတ်သက်ပြီး အိမ်ရှင်အား ပ-၆/၂၀၁၂ ပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်အရေးယူထားသည်။ (၀၀၂)

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။

(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီ တောင်းပါ။

(ဂ) ပိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။

(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီ ပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် သင်တန်းများဖွင့်ပွဲတက်ရောက်

ရန်ကုန် ဇန်နဝါရီ ၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီတွင် ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)၌ကျင်းပသည့် အငယ်တန်းအင်ဂျင်နီယာ(၁)(မြို့ပြ) မွမ်းမံသင်တန်း၊ အငယ်တန်းအင်ဂျင်နီယာ(၃) လျှပ်စစ်သင်တန်းနှင့် ပညာသည်(၃)သင်တန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးစိုးတင့်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုသင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် သင်တန်းဆရာ၊ ဆရာမများတက်ရောက်ကြပြီး အဆိုပါသင်တန်းများသို့ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၇၃ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၄-၁-၂၀၁၂ (စုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၆း၄၅ ၁။ ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

၇း၄၅ ၂။ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်

၈း၂၅ ၃။ လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ် (ပြန်ကြားရေးဝန်ကြီးဌာန၊ နိုင်ငံတော်ဆိုင်းဝိုင်းအဖွဲ့ ဖျော်ဖြေခန်း)

၈း၄၅ ၄။ "ကညင်ရေလှောင်တမံ"

၈း၅၅ ၅။ International News

၉း၀၀ ၆။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၄း၀၅ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ

၄း၁၀ ၃။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက

၄း၂၀ ၄။ အဆိုပြိုင်ပွဲ

၄း၃၀ ၅။ "ကလေးများအတွက် အကောင်းဆုံး"

၄း၄၀ ၆။ နားဝင်ပီယံသူ့လက်သံ

၄း၅၀ ၇။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - ပထမနှစ်(အင်္ဂလိပ်စာ အထူးပြု) (အင်္ဂလိပ်စာ)

၅း၀၅ ၈။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ

၅း၁၀ ၉။ သီချင်းကြီးပဒေသာ

၅း၂၀ ၁၀။ International Science News

၅း၃၀ ၁၁။ တေးဂီတအစီအစဉ်

၅း၄၀ ၁၂။ ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်

၅း၅၀ ၁၃။ (၆၄)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်

၆း၀၀ ၁၄။ ညနေခင်းသတင်း

၆း၁၅ ၁၅။ မိုးလေဝသအခြေအနေ

၆း၂၀ ၁၆။ မြန်မာ့ဓလေ့ ရိုးရာလက်ဝှေ့

၆း၃၅ ၁၇။ ရွှေရင်ခုန်သံ

၇း၀၅ ၁၈။ ဆိုကြမယ်၊ ပျော်ကြမယ်

၇း၅၀ ၁၉။ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်

၈း၀၀ ၂၀။ ပြည်တွင်းသတင်း

၂၁။ နိုင်ငံတကာသတင်းများ

၂၂။ မိုးလေဝသအခြေအနေ

၂၃။ "သမိုင်းမော်ကွန်း ထွန်းသစ်ဝေစည် မြန်မာပြည်" (ဘိုးဘွားအမွေပေး လွတ်လပ်ရေးအသက်ပေး လို့ရယ် ဒို့ကာကွယ်)

၂၄။ ဟော်ရွှင်ရင်ခုန်ပြကွက်စုံ

၂၅။ နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး" (အပိုင်း-၂၁)

၂၆။ ရုပ်မြင်သံကြားဂုဏ်ပြု ဇာတ်လမ်း "ရအောင်ယူ၊ မြဲအောင်ထိန်း" (ထွန်းထွန်းဝင်း၊ ညီညီနေနိုင်၊ ဆုမြတ် ရွှေစင်၊ သူသူဟံသာ) (ဒါရိုက်တာ-သက်တင်)

၂၇။ အစီအစဉ်ပြီး၏

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြဝတီခရိုင် မြဝတီမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူးကျင်းပသည့် ကလေးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၃ ရက်က မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပရာ အမြွာပူးကလေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကလေးများအား ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြဌေးဝင်းနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းရွှေနွယ်တို့ ဆုချီးမြှင့်စဉ်။ (၅၇၀)

မိုးရေချိန်စံချိန်သစ်

နေပြည်တော် ဇန်နဝါရီ ၃

ဇန်နဝါရီ ၃ ရက်နံနက် ၉ နာရီခွဲအချိန်တိုင်းထွာချက်များအရ အောက်ဖော်ပြပါစခန်း၌ ဇန်နဝါရီလ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်များကို တိုင်းထွာရရှိပါသည်-

စဉ်	စခန်းအမည်	မိုးရေချိန်စံချိန်သစ်		စံချိန်ဟောင်း		ယခင်စံချိန်ကျိုး	စံချိန်ကျိုးသည့်
		မီလီမီတာ	လက်မ	မီလီမီတာ	လက်မ	ခဲ့သည့်နှစ်	နှစ်ပေါင်း
၁။	ကော့သောင်း	၈၀	၃.၁၅	၆၉	၂.၇၂	၅-၁-၁၉၆၇	၆၆

(သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လောင်းလုံ၌ ချေးငွေပေးအပ်

လောင်းလုံ ဇန်နဝါရီ ၃

တနသာရီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်း ပပျောက်ရေးကော်မတီ၏ လုပ်ငန်းစဉ် တစ်ရပ်ဖြစ်သော မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆပ်ကော်မတီ၏ မွေးမြူရေးချေးငွေ ပေးအပ်ခြင်းအခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက်တွင် ထားဝယ်ခရိုင် လောင်းလုံမြို့နယ် သပြေရှောင်ကျေးရွာ သိမ်တော်ရာတိုက်ကျောင်းမမွာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် တနသာရီတိုင်းဒေသကြီးလုပ်ငန်းဆပ်ကော်မတီ အတွင်းရေးမှူး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူး ဒေါက်တာခင်မောင်**(ယာပုံ)** ထားဝယ်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာတင်ငွေး၊ လောင်းလုံမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသိန်းဇော်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျော့နည်း ပပျောက်ရေး မြို့နယ်ကော်မတီဝင်များသည် မွေးမြူရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လောင်းလုံမြို့နယ် သပြေရှောင်နှင့် သကျက်တော ကျေးရွာရှိ ဝက်မွေးမြူရေးအဖွဲ့ နှစ်ဖွဲ့၊ အဖွဲ့ဝင် ၂၉ ဦးတို့အား မွေးမြူရေးချေးငွေ ကျပ် ၆၅သိန်းငါးသောင်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများက သဝဏ်လွှာများ ပေးပို့

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ လည်းကောင်း၊ ဒုတိယသမ္မတများနှင့် နိုင်ငံခြားရေးဝန်ကြီးထံသို့ လည်းကောင်း နိုင်ငံတကာမှ နိုင်ငံအကြီးအကဲများနှင့် ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့ကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ (၆၄)ကြိမ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်သမ္မတ ဟူကျင်ထောင်းက ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာ၌ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ တရုတ်နိုင်ငံပြည်သူများကိုယ်စား မိမိအနေဖြင့် မြန်မာပြည်သူများနှင့် မြန်မာအစိုးရအဖွဲ့တို့ကို ဝမ်းမြောက်စကားပြောကြားလိုပါကြောင်း။

မြန်မာနိုင်ငံ၌ အရပ်သားအစိုးရအဖွဲ့သစ် တာဝန်ယူခဲ့ပြီးနောက်ပိုင်း နိုင်ငံတည်ငြိမ်ရေး၊ ပြည်သူလူထု၏ ဘဝနေထိုင်မှုအဆင့်မြင့်မားရေး၊ ပြည်တွင်းနိုင်ငံရေးပေါင်းစည်းမှုနှင့် နိုင်ငံတကာနှင့် ဆက်ဆံရေးများ တိုးမြှင့်ရေးကို စွမ်းဆောင်နိုင်ခဲ့ပါကြောင်း။

တရုတ်နှင့် မြန်မာနိုင်ငံတို့အကြား ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို တရုတ်နိုင်ငံအနေဖြင့် တန်ဖိုးထားပါကြောင်း၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံနှင့် ရှိရင်းစွဲနှစ်နိုင်ငံဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းရေး၊ နှစ်နိုင်ငံအကြား အပြန်အလှန်အကျိုးစီးပွားများ ပိုမိုဖြစ်ထွန်းစေရေးနှင့် တရုတ်-မြန်မာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုပိုမိုမြှင့်တင်ရေးတို့ကို အထူးအလေးထားပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မြန်မာအစိုးရအဖွဲ့နှင့် မြန်မာပြည်သူများအားလုံး ဝမ်းမြောက်ချမ်းသာပါစေကြောင်း မိမိအနေဖြင့် နှုတ်ခွန်းဆက်သအပ်ပါကြောင်း တရုတ်နိုင်ငံသမ္မတ ဟူကျင်ထောင်း၏ လွတ်လပ်ရေးသဝဏ်လွှာတွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံ

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အိန္ဒိယနိုင်ငံ သမ္မတ မစ္စပရာတီဘာ ဒေဗီဆင်းပတေးလ်က ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့ခဲ့သည်။

သဝဏ်လွှာအပြည့်အစုံအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အိန္ဒိယနိုင်ငံပြည်သူများကိုယ်စား မိမိအနေဖြင့် ဝမ်းမြောက်ဝမ်းသာနှုတ်ခွန်းဆက်စကား ပြောကြားလိုပါကြောင်း။

အိန္ဒိယနှင့် မြန်မာနိုင်ငံကြား၌ အစဉ်အလာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတို့သည် ရာစုနှစ်များစွာကပင် စတင်တည်ရှိခဲ့ပါကြောင်း၊ အဆွေတော်သမ္မတကြီး၏ ၂၀၁၁ ခုနှစ် အောက်တိုဘာလ အိန္ဒိယခရီးစဉ်သည် မိမိတို့နှစ်နိုင်ငံအကြား ဆက်ဆံရေးကို ပိုမိုခိုင်မာအမြစ်တွယ်ခဲ့စေပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား ဆက်ဆံရေး၌ အပြန်အလှန်အကျိုးစီးပွားကို မြင့်မားစေရေးအတွက် သမ္မတကြီးနှင့်တကွ သမ္မတကြီး၏ အစိုးရအဖွဲ့နှင့်အတူ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် မိမိတို့အနေဖြင့် ဆန္ဒရှိပါကြောင်း အိန္ဒိယနိုင်ငံသမ္မတ၏ သဝဏ်လွှာတွင် ဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဘင်္ဂလားဒေ့ရှ်ပြည်သူများနှင့် ဘင်္ဂလားဒေ့ရှ်အစိုးရကိုယ်စား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် မြန်မာပြည်သူများသို့ မိမိအနေဖြင့် ဝမ်းမြောက်ဝမ်းသာ နှုတ်ခွန်းဆက်လိုပါကြောင်း ဘင်္ဂလားဒေ့ရှ်သမ္မတ မစ္စတာ မိုဟာမက် ဇီလာ ရာမန်၏ သဝဏ်လွှာ၌ ဖော်ပြထားသည်။

ဂျာမနီနိုင်ငံ

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယ၌ မိမိအစိုးရအဖွဲ့နှင့် ဂျာမနီပြည်သူများကိုယ်စား ဝမ်းမြောက်ကြောင်း ပြောကြားလိုပါကြောင်း ဂျာမနီသမ္မတ မစ္စတာ ခရစ္စတျန်ဝုဖ်၏ သဝဏ်လွှာတွင် ဖော်ပြထားသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် အမျိုးသားပြန်လည်ပေါင်းစည်းရေးနှင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုတို့တွင် လမ်းကြောင်းသစ်ဖြင့် လျှောက်လှမ်းနေပြီဖြစ်ရာ ဂျာမနီနိုင်ငံက စိတ်စေတနာကောင်းဖြင့် စောင့်ကြည့်လျက်ရှိပါကြောင်း။

ခေတ်သစ်သို့လျှောက်လှမ်းနေသော မြန်မာပြည်သူအားလုံး အရာရာအောင်မြင်ပါစေကြောင်း မိမိအနေနှင့် ဆန္ဒပြုသည့်အပြင် ခေတ်သစ်သို့ ဝင်ရောက်ရန် ပြင်ဆင်နေသည့် မြန်မာနိုင်ငံအတွက် အကြံဉာဏ်ဖြင့်သော်လည်းကောင်း၊ လက်တွေ့အကူအညီများဖြင့်သော်လည်းကောင်း အားပေးရန် ဂျာမနီနိုင်ငံအနေဖြင့် အဆင်သင့်ရှိကြောင်း ဂျာမနီသမ္မတ မစ္စတာ ခရစ္စတျန်ဝုဖ်၏ သဝဏ်လွှာတွင် ဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံတို့သည် သမိုင်းအရ၊ ယဉ်ကျေးမှုအရ ဘုံအကျိုးစီးပွားတွင် အခြေခံသော ဆက်ဆံရေးရှိခဲ့ကြပြီး နှစ်နိုင်ငံစလုံးသည် ဖွံ့ဖြိုးမှုလမ်းကြောင်းအပေါ် အတူတကွလျှောက်လှမ်းနေသော နိုင်ငံများ ဖြစ်ကြပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား လက်ရှိရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုများနှင့် အမြင်များကို ရှေ့ဆက်ပိုမိုခိုင်မာစေရေးအတွက် မိမိအနေဖြင့် လေးလေးနက်နက် အသိပေးလိုပါကြောင်း ဘင်္ဂလားဒေ့ရှ်သမ္မတ၏ သဝဏ်လွှာတွင် ဖော်ပြထားသည်။

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မိသားစုပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၏ ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မိသားစုပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲကို နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အားကစားကွင်း၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းနှင့် ဇနီး ဒေါ်မြမြဝင်းတို့ တက်ရောက်အားပေးကြသည်။

ယင်းနောက် အားကစားပြိုင်ပွဲတွင် ဆုရရှိသည့် အသင်းများအား ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီး ဦးတင့်လွင်နှင့် ဌာနဆိုင်ရာအကြီးအကဲများက ဆုများ ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲတွင် ဆုရရှိသည့်အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မွန်ပြည်နယ်ဒီဇင်ဘာလူထုအားကစားလ နောက်ဆုံးပတ် စုပေါင်းလမ်းလျှောက်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃

၂၀၁၁ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလ နောက်ဆုံးပတ်စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၅ နာရီခွဲတွင် ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ပညာရေးကောလိပ်နှင့် သူနာပြုသင်တန်းကျောင်းတို့မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများသည် မုဒ္ဒုံမြို့မှ သံလွင်တံတားတစ်လျှောက် မော်လမြိုင်မြို့ ဆွမ်းအုပ်အဝိုင်းအထိ၊ ယင်းမှ ဒိုင်းဝန်ကွင်း၊ လှည်းတန်းလမ်းမှ ရာမည အားကစားကွင်းအထိ စုပေါင်းလမ်းလျှောက်ကြပြီး ရာမညအားကစားကွင်း၌ ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်းများ စုပေါင်းပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထက(၃)မုံရွာ (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း၌ ပညာသင်ကြားပေးခဲ့ကြသော အသက်(၆၀)ပြည့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် ကြည်နူးဖွယ် တွေ့ဆုံပွဲအခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် (စနေနေ့)တွင် ယင်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး စုံညီစွာ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

အလှူငွေနှင့်ပစ္စည်းများလှူဒါန်းလိုပါက ကျောင်းအုပ်ကြီး အထက(၃) ဖုန်း-၀၇၁-၂၁၀၇၆၊ ဦးမြင့်ဆွေ ဖုန်း-၀၉-၂၁၁၀၂၂၃၊ ဦးမျိုးဟန် ဖုန်း-၀၉-၂၁၀၀၅၃၃၊ ဒေါ်ခင်ချိုထွေး ဖုန်း-၀၉-၂၁၃၃၁၄၈၊ ဒေါ်တင့်ထူးလှိုင်(သိဂီ) ဖုန်း-၀၉-၂၁၃၂၀၉၇၊ ကိုလင်းပြည့်စုံ ဖုန်း-၀၉-၅၀၂၂၇၈၉နှင့် ကိုမင်းသူကျော် ဖုန်း-၀၉-၂၁၃၀၈၃၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

၂၀၁၁ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာ ကျင်းပပြီးစီး

နေပြည်တော် ဇန်နဝါရီ ၃

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၁ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ နောက်ဆုံးနေ့အဖြစ် ယနေ့ဆက်လက်ကျင်းပရာ ပြည်တွင်းပြည်ပ ရတနာကုန်သည်များသည် ဈေးပြိုင်စနစ်ဖြင့် ရောင်းချသည့် ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစားဝယ်ယူကြပြီး မဏိရတနာကျောက်စိမ်းခန်းမ ပထမထပ်ရှိ လက်ဝတ်ရတနာပစ္စည်းအရောင်းဆိုင်များ၌လည်း ကြည့်ရှုလေ့လာဝယ်ယူကြသည်။

မွန်းလွဲပိုင်းတွင် ပြပွဲဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်သည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ဈေးပြိုင်စနစ်ဖြင့် ကျောက်စိမ်းအတွဲများ ရောင်းချနေမှုကို ကြည့်ရှုအားပေးပြီး ကျောက်စိမ်းအတွဲများကို အများဆုံးဝယ်ယူသည့် ဟောင်ကောင်မှ Mr. Lin Xibin အား ဂုဏ်ပြုမှတ်တမ်းနှင့် အမှတ်တရလက်ဆောင် ပေးအပ်သည်။

နံနက်ပိုင်းကလည်း ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး ဦးသိန်းဆွေက ကျောက်မျက်အတွဲများကို အများဆုံးဝယ်ယူသည့် ကျောက်စိမ်းနဂါးကုမ္ပဏီမှ ဦးခင်ဇော်အား ဂုဏ်ပြုမှတ်တမ်းနှင့် အမှတ်တရလက်ဆောင် ပေးအပ်သည်။

ပြပွဲတွင် ပြည်တွင်းပြည်ပရတနာကုန်သည်များက ကျောက်စိမ်းအတွဲပေါင်း ၈၂၉၀ တွဲ ဝယ်ယူကြပြီး ၂၀၁၁ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာကျင်းပပြီးစီးသွားပြီဖြစ်သည်။

(သတင်းစဉ်)

အထက(၄) ပုဇွန်တောင် ပညာရေးစုံညီပွဲတော် ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ မိဘဆရာအသင်းအမှုဆောင်များ၊ ဧည့်သည်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ကျောင်းသား၊ ကျောင်းသူလေးများက "မြန်မာ့ကျောင်း" သီချင်းဖြင့် ဖျော်ဖြေ၍ အခမ်းအနားကို ဖွင့်လှစ်ကာ ကျောင်းအုပ်ကြီး ဒေါက်တာဒေါ်နုနုရွှေက အမှာစကားပြောကြားပြီး ကျောင်းသား၊ ကျောင်းသူလေးများက ဧည့်ပရိသတ်များအား အကပဒေသာများ၊ ပျော်ပွဲရွှင်ပွဲများနှင့် တစ်ခန်းရပ်ပြဇာတ်တို့ဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

(ဥမ္မာသန့်-သတင်းစဉ်)

ယာဉ်မှတ်ပုံတင်ခြင်းလုပ်ငန်း လာရောက်ဆောင်ရွက်သူများ စောင့်ဆိုင်းရခြင်းမရှိစေရန် စနေနေ့(ရုံးပိတ်ရက်)တွင်ပါ ဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၃

နိုင်ငံခြားမှ မှာယူတင်သွင်းလာသည့် ယာဉ်အသစ်တင် သင်္ဘောများ ဝင်ရောက်လာကာ မော်တော်ယာဉ်စီးရေ များပြားစွာ ရောက်ရှိလာခြင်း၊ စက်မှုဝန်ကြီးဌာနက ချယ်ရီဝက်ဂွန် ယာဉ်များအား မည်သူမဆို လွတ်လပ်စွာဝယ်ယူ မှတ်ပုံတင်ခွင့်ပြုခြင်းနှင့် မော်တော်ယာဉ်များတွင် မှတ်ပုံတင် အမှတ်မရှိပါက ဖမ်းဆီးအရေးယူရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုများကြောင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ကနဦးယာဉ် မှတ်ပုံတင်ဌာန၌ လုပ်ငန်းလာရောက်ဆောင်ရွက်သူ အလွန်များပြားကြောင်း၊ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ရုံးဝင်းအပြင်အထိ ယာဉ်များတန်းစီ၍ ဆောင်ရွက်ခဲ့ရကြောင်း တွေ့ရှိရသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ပြည်ပမှရောက်ရှိယာဉ်များနှင့် စက်မှုဝန်ကြီးဌာနက ရောင်းချယာဉ်များအား ကနဦးမှတ်ပုံတင်ဆောင်ရွက်ခြင်းမပြုမီ တရားဝင် ယာယီမော်တော်ယာဉ်အမှတ် တပ်ဆင်၍ မောင်းနှင်သွားလာနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။ ပုဂ္ဂလိက တစ်ဦးချင်းက ပြည်ပမှ တင်သွင်းလာသည့် ယာဉ်များအား သက်တမ်း ၂၁ ရက်ရှိ ယာယီမှတ်ပုံတင်အမှတ်ကို လည်းကောင်း၊ မော်တော်ယာဉ် တင်သွင်းရောင်းချသည့် အရောင်းဌာနများ၏ ယာဉ်များအား သက်တမ်းခုနစ်ရက်ရှိ စတိမှတ်ပုံတင်အမှတ်ကို လည်းကောင်း ထုတ်ပေးဆောင်ရွက်ခဲ့သည်။

ထို့အပြင် စနေနေ့ (ရုံးပိတ်ရက်)တွင် အချိန်ပို ဖွင့်လှစ်ပြီး ဝန်ထမ်းများ ထပ်မံဖြည့်တင်း၍ ယာဉ်မှတ်ပုံတင် ဆောင်ရွက်သူများ လုပ်ငန်းအဆင်ပြေအောင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန(ရန်ကုန်)၌ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြတ်မြန်မာ စာကြည့်တိုက်ဖွင့်

နေပြည်တော် ဇန်နဝါရီ ၃

ကရင်ပြည်နယ် ဖာပွန်မြို့ အမှတ်(၄) ရပ်ကွက်၌ ဒီဇင်ဘာ ၂၂ ရက်တွင် မြတ်မြန်မာစာကြည့်တိုက် ဖွင့်ပွဲကျင်းပရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင်၊ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးစောထွန်းမြအောင်၊ နယ်မြေခံစစ်ဗျူဟာမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖတစ်ဦးတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စာကြည့်တိုက်သို့ လှူဒါန်းသည့် စာအုပ်များကို ဖာပွန်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ကျေးရွာအုပ်ချုပ်ရေးမှူးထံ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

အားသစ် မာန်သစ် - နိုင်ငံ



(ယမန်နေ့မှ အဆက်)

သွက်လက်တက်ကြွသော နိုင်ငံတကာဆက်ဆံရေးမျက်နှာစာ

အဓိုးရသစ်လက်ထက်တွင် ထူးထူးခြားခြား အောင်မြင်မှု အရှိဆုံးဟု အများက အသိအမှတ်ပြုခံရသည့် ကဏ္ဍတစ်ရပ်မှာ နိုင်ငံတကာဆက်ဆံရေးဖြစ်သည်။ စင်စစ်၌ နိုင်ငံတကာဆက်ဆံရေးသည်လည်း ပြည်တွင်းနိုင်ငံရေးနှင့် ဆက်စပ်နေသည်သာဖြစ်၏။ "အိမ်သာ၍ ညည့်လာသည်" ဆိုသကဲ့သို့ ပြည်တွင်းနိုင်ငံရေး အခြေအနေက အမျိုးသားပြန်လည်ပေါင်းစည်းညီညွတ်ရေး လင်းရောင်ခြည်များ ပေါ်ပေါက်ယှက်သန်းလာသောအခါ နိုင်ငံတကာ ဆက်ဆံရေးကဏ္ဍာ၌လည်း အရှက်ဦးလေပြည်နုတို့ တိုက်ခတ်လာခဲ့ခြင်း ဖြစ်ပေသည်။

၂၀၁၁ ခုနှစ်တွင် ပေါ်ပေါက်လာသည့် နိုင်ငံတော်အဓိုးရသစ် အနေဖြင့် ပြီးခဲ့သည့် နှစ်အတွင်း နိုင်ငံတကာဆက်ဆံရေးနယ်ပယ်၌ ထူးထူးခြားခြားပေါက်မြောက်အောင်မြင်မှုနှစ်ရပ်ရှိခဲ့သည်။ ပထမ အောင်မြင်မှုမှာ ဒေသတွင်းနိုင်ငံရေး၌ အရေးပါသော အာဆီယံ အလှည့်ကျဥက္ကဋ္ဌနေရာကို ၂၀၁၄ ခုနှစ်တွင် မြန်မာက တာဝန်ယူ ဆောင်ရွက်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

အဓိုးရအဖွဲ့သစ်၏ စေတနာမှန်သော လက်တွေ့ပြုပြင် ပြောင်းလဲရေးလုပ်ရပ်များဖြင့် ဒေသတွင်း အသင်းဝင်နိုင်ငံများ၏ ယုံကြည်မှုကို ရယူတည်ဆောက်နိုင်ခဲ့ပြီး ၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် အင်ဒိုနီးရှားနိုင်ငံ ဘာလီ အာဆီယံထိပ်သီးညီလာခံ၌ ၂၀၁၇ ခုနှစ်အတွက် အာဆီယံအလှည့်ကျဥက္ကဋ္ဌနေရာကို မြန်မာနိုင်ငံအား တညီတညွတ်တည်း တာဝန်ပေးအပ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ဤနေရာတွင် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံ၏ မြန်မာနိုင်ငံအပေါ် မိတ်ဆွေကောင်းပီသစွာ အားပေးကူညီခဲ့မှုကိုလည်း မှတ်တမ်းတင်သင့်ပေသည်။ ဒေသတွင်း အောင်မြင်မှုနှင့်အတူကပ်၍ လိုက်ပါလာသည်က မြန်မာနိုင်ငံနှင့် ဆက်ဆံရေးတွင် ကာလအတန်ကြာ အေးစက်နေခဲ့သော အနောက်နိုင်ငံများ(အထူးသဖြင့် အမေရိကန်နိုင်ငံ)နှင့် ဆက်ဆံရေးပြန်လည်တိုးတက်လာခဲ့ခြင်းဖြစ်သည်။ ဘာလီ အာဆီယံထိပ်သီးညီလာခံကာလနှင့် မရေးမနှောင်းမှာပင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စစ် ဟီလာရီ ကလင်တန်အား မြန်မာနိုင်ငံသို့ သွားရောက်စေမည်ဟု သမ္မတ မစ္စတာအိုဘားမားက ကြေညာလိုက်သောအခါ နှစ်ပေါင်းငါးဆယ်ကျော်ကာလအတွင်း မြန်မာနိုင်ငံသို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးတစ်ဦး၏ ပထမဆုံးခရီးစဉ်ဖြစ်၍ တစ်ကမ္ဘာလုံးက အံ့အားသင့်သွားခဲ့ကြသည်။

သို့သော် ဤခရီးစဉ်ပေါ်ထွက်လာသည်မှာ ရုတ်ခြည်းဖြစ်ပေါ်လာသည်မဟုတ်ပေ။ အဓိုးရသစ် စတင်တာဝန်ယူပြီးသည့်နောက်မှစ၍ အနောက်နိုင်ငံများနှင့် ထိတွေ့ဆက်ဆံမှုမှာ အလျင်အမြန်ပင် အရှိန်အဟုန်မြင့်မားလာခဲ့သည်။ အထူးသဖြင့် ဥရောပနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ၊ ပညာရှင်များ၊ စီးပွားရေးအသိုက်အဝန်းမှ ပုဂ္ဂိုလ်များ မြန်မာနိုင်ငံသို့ အစဉ်မပြတ် ဝင်ရောက်လာခဲ့ကြသည်။ ဥရောပနှင့် ဆက်ဆံရေးတိုးတက်လာသကဲ့သို့ အမေရိကန်နိုင်ငံမှ သမ္မတ၏ အထူးကိုယ်စားလှယ် မစ္စတာ ဒဲရက်မစ်ရှလ်အပါအဝင် အဆင့်မြင့်အရာရှိကြီးများလည်း မြန်မာနိုင်ငံသို့ လာရောက်ခဲ့ကြသည်။ ထိုသို့ ထိတွေ့ဆွေးနွေးအမြင်ချင်းဖလှယ်မှုများ ပိုမိုများပြားလာသည် နှင့်အမျှ နှစ်ဖက်ဆက်ဆံရေးတွင် ပိုမိုနားလည်နွေးထွေးမှုများ ရရှိလာခဲ့သည်။

ဤသို့ဖြင့် ဘာလီ အာဆီယံထိပ်သီးညီလာခံအပြီး မရေးမနှောင်းကာလမှာပင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး၏ မြန်မာနိုင်ငံခရီးစဉ် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ ရာစုနှစ်ဝက်ကျော်အတွင်း ပထမဆုံး လာရောက်ခဲ့သော အမေရိကန်နိုင်ငံခြားရေးဝန်ကြီး၏ ခရီးစဉ်သည် ကာလကြာရှည်တို့ဆိုင်းနေခဲ့သော မြန်မာ-အမေရိကန်ဆက်ဆံရေး တွင် ကဏ္ဍသစ် စာမျက်နှာသစ်တစ်ရပ် ဖွင့်လှစ်ပေးလိုက်ခြင်းပင်ဖြစ်သည်ဟု ဆိုနိုင်သည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး၏ ခရီးစဉ်က အစပြုပြီးသည့်နောက် စင်ကာပူ၊ ဗြိတိန်နှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးများ၏ ခရီးစဉ်များက ထိုလမ်းကြောင်းအတိုင်း လိုက်ပါလာကြသည်ကို တွေ့ရသည်။

အဓိုးရအဖွဲ့သစ်လက်ထက် မြန်မာနိုင်ငံ၏ နိုင်ငံခြားဆက်ဆံရေးဌာန ထင်ရှားသော ပုံရိပ်များမှာ နိုင်ငံခေါင်းဆောင်အကြီးအကဲများ၏ အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များဖြစ်သည်။ အဓိုးရသစ် စတင် တာဝန်ယူခဲ့ပြီးနောက် နိုင်ငံတော်သမ္မတကြီးအနေဖြင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့သို့ ချစ်ကြည်ရေးအလည်အပတ် ခရီးသွားရောက်ခဲ့သည်။ တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် သမိုင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စစ် ဟီလာရီ ကလင်တန်တို့ ၁-၁၂-၂၀၁၁ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော် သမ္မတနှုံး ဧည့်ခန်းမဆောင်၌ တွေ့ဆုံစဉ်။

ကြောင်းတစ်လျှောက်ကပင် ကာလကြာရှည် ချစ်ခင်ရင်းနှီးစွာ အတူတကွ နေထိုင်ခဲ့ကြသော မြန်မာနိုင်ငံ၏ အရေးအကြီးဆုံး အိမ်နီးချင်း နိုင်ငံများဖြစ်ရာ သမ္မတကြီး၏ ခရီးစဉ်မှာ ယင်းခိုင်မြဲသော ချစ်ကြည်ရင်းနှီးမှုကို ထပ်လောင်း၍ အားဖြည့်ပေးနိုင်ခဲ့သည်။ ထို့အပြင် အင်ဒိုနီးရှားနိုင်ငံသို့လည်း အာဆီယံထိပ်သီးအစည်းအဝေးတက်ရင်း ချစ်ကြည်ရေးခရီးပါ ဆက်ခဲ့သည်။ မြန်မာနိုင်ငံသို့လည်း အိမ်နီးချင်း နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများလည်း လာရောက်ခဲ့ကြရာ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လတ်ရှင်နာဝပ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဝန်ကြီးချုပ် မစ္စ ရှိတ်ဟာဆီနာဝါဇီတို့ဖြစ်ကြသည်။ မြန်မာနိုင်ငံနှင့် အလွန်ဝေးသော ဘယ်လာရုစ်နိုင်ငံမှ ဝန်ကြီးချုပ် မစ္စတာမိခေးလ် ဗွီ မိယာစည်ကိုဗစ်ချ်သည်လည်း မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့သေးသည်။

၂၀၁၁ ခုနှစ် နောင်းပိုင်းကာလတွင် အရေးပါသော ကိစ္စတစ်ရပ်မှာ မြန်မာနိုင်ငံသည် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ထိပ်သီးညီလာခံကို ဒီဇင်ဘာ ၁၉ ရက်မှ ၂၀ ရက်အထိ တာဝန်ယူကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ထိပ်သီး

ရန်ကြီးအောင်

ညီလာခံတွင် မဲခေါင်ဒေသခွဲအတွင်းရှိ နိုင်ငံခြောက်နိုင်ငံမှ အစိုးရအဖွဲ့အကြီးအကဲများ တက်ရောက်ကာ ၂၀၁၂ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ဆက်လက်ဆောင်ရွက်မည့် မဟာဗျူဟာမူဘောင် သဘောတူညီချက် တစ်ရပ်ကို ချမှတ်နိုင်ခဲ့သည်။ ဤထိပ်သီးညီလာခံသည် အစိုးရသစ် လက်ထက်တွင် ပထမဆုံးကျင်းပနိုင်ခဲ့သည့် ဒေသတွင်း ထိပ်သီး ညီလာခံဖြစ်သကဲ့သို့ နောင်လာမည့် ၂၀၁၄ ခုနှစ် အာဆီယံထိပ်သီး ညီလာခံအတွက် ကြိုတင်ပြင်ဆင်ရာတွင်လည်း အထောက်အကူပြုမည့် လက်တွေ့စမ်းသပ်မှုတစ်ခုသဖွယ် ရှုမြင်နိုင်သည်။

ဤ၍ဆိုရသော် မြန်မာအစိုးရသစ်အနေဖြင့် သက်တမ်းကိုးလခန့် ကာလအတွင်း သွက်လက်တက်ကြွ၍ ရှေ့သို့မြော်မြင်သော နိုင်ငံခြားဆက်ဆံရေးမူဝါဒတစ်ရပ်ကို အောင်မြင်စွာကျင့်သုံးနိုင်ခဲ့ပြီး ကမ္ဘာ့နိုင်ငံများ၏ အသိုက်အဝန်းတွင် မြန်မာနိုင်ငံအတွက် ထိုက်တန်သော နေရာတစ်နေရာ ပြန်လည်ရရှိနိုင်ရေးအတွက် မှန်ကန်သော ခြေလှမ်းများ စတင်လျှောက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။ ခရီးမိုင်တစ်ထောင်အတွက်

> ယနေ့ ပြုလုပ်နေသော နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများသည် ပြည်သူလူထုတစ်ရပ်လုံးက လိုလိုလားလား ဆန္ဒရှိသော ပြည်သူ့ဆန္ဒ၊ ပြည်သူ့အကျိုးစီးပွားနှင့် ယှဉ်သော ပြောင်းလဲမှုများ ဖြစ်သည့်အတွက် ပြည်သူနှင့် အစိုးရတို့၏ တစ်ထပ်တည်း ကျသော ရည်မှန်းချက်၊ ခိုင်မြဲသော စိတ်ပိုင်းဖြတ် ချက်ဖြစ်သည်။

အရေးအကြီးဆုံးမှာ ပထမခြေလှမ်း
အတိုင်း မြန်မာနိုင်ငံ၏ ပြုပြင်ပြော
အရေးအကြီးဆုံးမှာ လမ်းကြောင်း
လျှောက်လှမ်းနိုင်ခြင်းပင် ဖြစ်ပေလိမ့်

နောက်ကြောင်းမပြန် လမ်းကြောင်းမှန်

အစိုးရသစ်၏ သက်တမ်းကိုးလ
ပြုပြင်ပြောင်းလဲမှုများကို ပြည်တွင်းပြ
သို့ရာတွင် မရေရာသောအကြော
လျှောက်လှမ်းနေသော လမ်းကြောင်း
ပြန်သွားဦးမည်လောဟု စိုးရိမ်ပူပန်သံ

**အဆိုပါ စိုးရိမ်ပူပန်မှုများမှာ
စေတနာဖြင့် မြန်မာနိုင်ငံ၏ ကောင်း
လည်း လာသည်။ ထို့အတူ ယခုအ
ဟန်ပြသာဖြစ်သည်။ အုပ်ချုပ်သူ လူ
စီးပွား ရေရှည်ခိုင်မြဲရန်အတွက် မျက်
ဟု အမှတ်သည်းစွာ အဆိုးမြင်နေကြ**

ရောဝတီ တံတား (ပခုက္ကူ)

၃၁-၁၂-၂၀၁၁ ရက်တွင် ဖွင့်လှစ်ခဲ့သော မြန်မာ နိုင်ငံ၏ အရှည်ဆုံးတံတား ဖြစ်သည့် ရောဝတီတံတား (ပခုက္ကူ)ကို တွေ့ရစဉ်။

်သစ် - နိုင်ငံသစ်

အိန္ဒိယနိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ေမ၊ခင်ခင်ဝင်းတို့အား အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ် ပရာတီဘာဒေဗီဆင်းပတေးလ်နှင့် ဝန်ကြီးချုပ် မန်မိုဟန်ဆင်းတို့က နယူးဒေလီမြို့ရှိ သမ္မတအိမ်တော်ဝင်း၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

အရေးအကြီးဆုံးမှာ ပထမခြေလှမ်းပင်ဖြစ်သည်ဟု ဆိုရိုးရှိသည့် အတိုင်း မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအတွက် အရေးအကြီးဆုံးမှာ လမ်းကြောင်းမှန်ပေါ်၌ နှုန်းထားမှန်မှန်ဖြင့် လျှောက်လှမ်းနိုင်ခြင်းပင် ဖြစ်ပေလိမ့်မည်။

နောက်ကြောင်းမပြန် လမ်းကြောင်းမှန်

အစိုးရသစ်၏ သက်တမ်းကိုးလတာအတွင်း နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို ပြည်တွင်းပြည်ပမှ အသိအမှတ်ပြုကြသည်။ သို့ရာတွင် မရေရာသောအကြောင်းကြောင်းတို့ကြောင့် ယခု လျှောက်လှမ်းနေသော လမ်းကြောင်းမှ သွေဖည်ကာ နောက်ကြောင်း ပြန်သွားဦးမည်လောဟု စိုးရိမ်မှုပန်းသံအချို့ကိုလည်း ကြားနေရသည်။

အဆိုပါ စိုးရိမ်ပူပန်မှုများမှာ အမှန်တကယ် ရှိးဖြောင့်သော စေတနာဖြင့် မြန်မာနိုင်ငံ၏ ကောင်းကျိုးအတွက် လိုလားသူများထံမှ လည်း လာသည်။ ထို့အတူ ယခုအပြောင်းအလဲများမှာ အပေါ်ယံ ဟန်ပြသာဖြစ်သည်။ အုပ်ချုပ်သူ လူတန်းစားဟောင်းများ၏ အကျိုး စီးပွား ရေရှည်ခိုင်မြဲရန်အတွက် မျက်စိလှည့်စားခြင်းမျှသာဖြစ်သည် ဟု အမှတ်သည်းစွာ အဆိုးမြင်နေကြသူများထံမှလည်း လာသည်။ ထိုသူတို့ကမူ ယခုကဲ့သို့ မြန်မာအစိုးရ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်း လုပ်ဆောင်နေမှုများ အမှိုက်ရအောင်မြင်လာသည်ကို မမြင်လို မတွေ့လို မချဆိတ်နိုင်။ အခြားနိုင်ငံများက မြန်မာအစိုးရသစ်နှင့် ရင်းနှီးစွာ ဆက်ဆံအားပေးလာသည်ကိုလည်း သည်းမခံနိုင်လောက်အောင် ခံစားနေကြရသူများဖြစ်သည်။ မြန်မာအစိုးရသစ်၏ ပြုပြင်ပြောင်းလဲ ရေးမူဝါဒသည် မရေရာမသေချာ နောက်ကြောင်းပြန်လှည့်သွားနိုင် သည်ဟု အထင်အမြင်ရောက်စေရန် ဖန်တီးထားခြင်းဖြင့် ဆက်သွယ် ကမ်းလှမ်းလာသည့်လက်များ တုံ့ဆိုင်းသွားစေရန်၊ ပေးလာမည့် အကူ အညီများ ရပ်တန့်သွားစေရန်၊ လုပ်ကိုင်ပါဝင်မည့် စီးပွားရေးရင်းနှီး မြှုပ်နှံမှုများ တုံ့နှေးဖင့်နွဲ့သွားစေရန် အစီအစဉ်ရှိရှိ ဆောင်ရွက်နေကြ ခြင်းဖြစ်သည်။

ကမ္ဘာ့နိုင်ငံများ၏ ဒီမိုကရေစီအကူးအပြောင်းကို လေ့လာ ကြည့်ပါက မည်သည့်အကူးအပြောင်းမျှ မျဉ်းဖြောင့်သဖွယ် ဖြောင့် ဖြောင့်ဖြူးဖြူး အခက်အခဲမရှိ ဆောင်ရွက်နိုင်သည် မရှိပေ။ အခက် အခဲများ၊ အနှောင့်အယှက်များ၊ စိန်ခေါ်မှုများဖြင့် ပြွမ်းတီးသော ခရီးကြမ်းကို ဖြတ်သန်းကြရသည်ချည်းသာ ဖြစ်သည်။

သို့ရာတွင် ယင်းသို့ ခရီးကြမ်းသည် မိမိတို့ တိုင်းပြည်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားအတွက် မှန်ကန်သောလမ်းကြောင်းဖြစ်သည်ဟု ဆိုပါက ဓားတောင်ကို ကျော်၍ မီးပင်လယ်ကို ဖြတ်ရစေကာမူ နောက်ပြန်မလှည့်စတမ်း ရှေ့သို့ဆက်၍ ချီတက်ကြရမည်သာ ဖြစ်ပေသည်။

ထိုသို့ နောက်ပြန်မလှည့်စတမ်း ချီတက်ကြမည်ဆိုခြင်းမှာ အခြေခံသဘောတရားကင်းမဲ့စွာ လက်လွတ်စပယ် ပြောဆိုခြင်းမဟုတ်ပေ။ မြန်မာနိုင်ငံ၏ ပကတိအခြေအနေနှင့် ပြည်သူအားလုံး၏ လိုအင်ဆန္ဒ၊ အကျိုးစီးပွား၊ ကမ္ဘာ့နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများနှင့် ထင်ဟပ်ပြီးမှ ခိုင်မြဲသော သန္ဋိဌာန် စိတ်ဖြင့် ခိုင်ခိုင်မာမာချမှတ်ပြောကြားခြင်း ဖြစ်သည်။

ပထမဦးစွာ လေ့လာမည်ဆိုလျှင် **ယနေ့ပြုလုပ်နေသော နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများသည် ပြည်သူလူထုတစ်ရပ်လုံးက လိုလိုလားလားဆန္ဒရှိသော ပြည်သူ့ဆန္ဒ၊ ပြည်သူ့အကျိုးစီးပွားနှင့် ယှဉ်သော ပြောင်းလဲမှုများဖြစ်သည့်အတွက် ပြည်သူ့နှင့်အစိုးရတို့၏ တစ်ထပ်တည်းကျသော ရည်မှန်းချက်၊ ခိုင်မြဲသော စိတ်ပိုင်းဖြတ်ချက် ဖြစ်သည်။**

ဒုတိယအချက်အနေဖြင့် ယင်းပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် တိကျခိုင်မာသော ဖွဲ့စည်းပုံမူဘောင် စည်းမျဉ်းများကို အခြေခံဥပဒေ ဖြင့် ချမှတ်ထားပြီးဖြစ်ကာ အခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းထားသော စီမံခန့်ခွဲအုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးအဖွဲ့အစည်းများ ပေါ်ပေါက်လှုပ်ရှား အသက်ဝင် နေပြီဖြစ်သည်။ ကမ္ဘာပေါ်၌ မည်သည့် အခြေခံဥပဒေမျှ ခြောက်ပြစ်ကင်းသဲလဲစင် ရာသက်ပန်မပြုပြင် မဖြည့်စွက်ဘဲ ရှိနိုင်သည်မဟုတ်။ ထိုနည်းတူစွာ မြန်မာနိုင်ငံ၏ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့◆**

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကဗျာ

လွတ်လပ်ပျော်ရွှင် အောင်ပွဲဆင်

☆ လွတ်လပ်ခဲ့ပြီ၊ မြန်မာပြည်တည်
ကြာရှည်ခံနှစ်၊ ကျွန်အဖြစ်သို့
အသစ်တစ်ဖန်၊ ပြန်မရောက်ရေး
မျိုးချစ်သွေးတို့၊ ဆွေးနွေးတိုင်ပင်
ကိုယ့်လမ်းစဉ်ဖြင့်
တစ်ခွင်မြန်မာ၊ အစဉ်သာအောင်
ညီညာထုဆစ်၊ ရွှေပြည်သစ်တည့်
စစ်မှန်ဒီမိုကရေစီ၊ ထွန်းကားတည်အောင်
ပြည်ထောင်စုဖွား၊ တိုင်းရင်းသားတို့
ကြိုးစားပုံဖော်နေကြပြီ။

☆ ညီညွတ်ခဲ့ပြီ၊ မြန်မာပြည်တည်
ကြံစည်တွေးဆ၊ ရိုင်းပင်းကြလျက်
ကာလဟိုစဉ်၊ ရှေးယခင်က
အထင်မြင်များ။ ဒို့ဗမာရှားခဲ့
သွေးသားစင်စစ်၊ အမှန်ဖြစ်ကြောင်း
ချစ်ခြင်းဖြင့်သာ၊ ရွှမြင်ပါလျက်
မြန်မာပြည်အတွက်၊ တွဲသောလက်တို့
မပျက်ခိုင်မာခဲ့ပြီ။

☆ ဖွံ့ပြီးခဲ့ပြီ၊ မြန်မာပြည်တည်
မိုးဆီတိမ်ဟုန်၊ ထိလုပုံနယ်
ဆောက်အုံမြင့်များ၊ တိုက်တာများနှင့်
မြစ်များကွေ့ကောက်၊ တံတားဆောက်၏
တောင်များမြင့်မောက်၊ ဥမင်ဟောက်၏
တည်ဆောက်ခေတ်မီ၊ ငါတို့ပြည်ကို
လှသည်ထက်လှ၊ တင့်တယ်ရအောင်
တက်ကြွကောင်းထည်ဖော်ခဲ့ပြီ။

☆ လွတ်လပ်၍သာ၊ ပြည်မြန်မာကို
စည်သာပွဲပြီး၊ အလှတိုးအောင်
ကြိုးပမ်းဖော်ဆောင်နိုင်ခြင်းတည်း။

☆ လွတ်လပ်၍သာ၊ ပြည်မြန်မာကို
ကမ္ဘာ့နှင့်ယှဉ်၊ အားသစ်ဆင်လျက်
ပွဲဝင်တင့်နိုင်ပေခြင်းတည်း။

☆ ယော် - လွတ်လပ်ရေးတွက်၊ တွဲသောလက်တို့
မပျက်ထာဝရ၊ ညီညာမှလျှင်
မြန်မာ့ဂုဏ်ရည်၊ မြင့်မားတည်၍
နေခြည်လဝန်း ထွန်းမည်တကား။ ။

မြင်းမူမောင်နိုင်မိုး

◆ စာမျက်နှာ ၉ မှ

ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း လိုအပ်သည့်အခြေအနေအချိန်အခါပေါ်မူတည်၍ လိုအပ်သလို ဥပဒေနှင့်အညီ ပြင်ဆင်သွားနိုင်မည်ဖြစ်ရာ အခြေခံဥပဒေကိုကျော်လွန်၍ နိုင်ငံရေးအခင်းအကျင်းများကို နောက်ကြောင်းပြန်လှည့်ရန် အတင်းအကျပ်လုပ်ဆောင်ဖွယ် အကြောင်းမရှိတော့ပေ။

တတိယအချက်မှာပဉ္စမမဏ္ဍိုင်ဖြစ်သောပြည်သူလူထု၏ ထောက်ခံမှုအင်အားပင်ဖြစ်သည်။ ယခုအခါ မြန်မာပြည်တစ်ဝန်းရှိ ပြည်သူလူထုအများစုက အဓိုးရသစ်၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များကို ဝမ်းသာအားရ အားပေးထောက်ခံလျက်ရှိကြသည်။ ဒီမိုကရေစီနိုင်ငံတစ်ခု၏ အဓိကအင်အားဖြစ်သော ပြည်သူလူထု၏ ထောက်ခံမှုသည် တွေ့ကြုံရင်ဆိုင်ရမည့် စိန်ခေါ်မှု၊ အခက်အခဲများကို ကျော်လွှားဖြေရှင်းနိုင်ရေးအတွက် ပဓာနကျသော စွမ်းပကားတစ်ရပ်ပင် ဖြစ်ပေသည်။

စတုတ္ထအချက်မှာ နိုင်ငံတကာဖြစ်ပေါ်တိုးတက်မှု ရေစီးကြောင်းဖြစ်သည်။ ကမ္ဘာ့နိုင်ငံအားလုံး၏ အများစု ၆၀ ရာခိုင်နှုန်းခန့်မှာ ရွေးကောက်ပွဲမှတစ်ဆင့် အုပ်ချုပ်သူအဓိုးရကို ရွေးချယ်သော ဒီမိုကရေစီနိုင်ငံ များဖြစ်ကြသည်။ နောက်ထပ်လည်း ဒီမိုကရေစီသို့ ဦးတည်ပြောင်းလဲသော လှုပ်ရှားမှုများ ကမ္ဘာအနှံ့၌ ဖြစ်ပွားလျက်ရှိသည်။ ယင်းတို့အနက်မှ အချို့မှာ လက်ရှိအုပ်ချုပ်သူများနှင့် ယင်းတို့ကိုပြောင်းလဲပစ်လိုသည့် လှုပ်ရှားသူများအကြား ပြင်းထန်သောပဋိပက္ခများ၊ အဓိကရုဏ်းများ၊ သွေးထွက်သံယိုမှုများနှင့် ရင်ဆိုင်နေကြရသည်။ မြန်မာ နိုင်ငံ၌မူ အုပ်ချုပ်သူဟောင်းများက လမ်းခင်းပေးခဲ့သည့် ဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် နှစ်ဦးနှစ်ဖက်နားလည်မှု၊ ယုံကြည်မှု၊ စေ့စပ်ညှိနှိုင်း ဆောင်ရွက်မှုများဖြင့် အေးချမ်းစွာ၊ လျင်မြန်စွာ အကူးအပြောင်းကို စတင်ဆောင်ရွက်လျက်ရှိသည်။ ဤထက်ပို၍ မှန်ကန်သော၊ အကျိုးရှိ သော လမ်းကြောင်းရှိနိုင်ပါဦးမည်လော။

သို့ဖြစ်ရာ မြန်မာအဓိုးရအနေဖြင့် လက်ရှိကိုင်စွဲဖော်ဆောင်လျက်ရှိသော ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များမှ နောက်ကြောင်းပြန်လှည့်စရာ မည်သည့်အကြောင်းမျှ မရှိတော့ဟု ရဲဝံစွာ ဖော်ထုတ်ပြောကြား နိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော်သမ္မတကြီးနှင့် တက္ကနိုင်ငံခေါင်းဆောင် တာဝန်ရှိသူများကလည်း နိုင်ငံတကာအသိုက်အဝန်း၌ အခွင့်ရသည့်အခါတိုင်း မိမိတို့၏ ပြုပြင်ပြောင်းလဲမှုများ မည်သည့်အခါမျှ နောက်ပြန်လှည့်သွားမည်မဟုတ်ကြောင်း အာမခံပြောကြားထားခဲ့ကြပြီး ဖြစ်ပါသည်။

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

★ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲသိုက်မပျက် အတူ တကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး။

★ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် စုစည်းထိန်းသိမ်း ကာကွယ်ရေး။

★ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာ၌ ပြည်သူများ၏ လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုနှုန်းလျော့နည်းကျဆင်းရေး၊ အုပ်ချုပ်မှုမလွှဲဖိုင် ခိုင်မာကောင်းမွန်သန့်ရှင်းရေးတို့အတွက် အားလုံးက မဆုတ်မနစ် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

★ မှန်ကန်သောဒီမိုကရေစီကျင့်စဉ်များ ကျယ်ပြန့်စွာထွန်းကားရေး၊ တရားဥပဒေစိုးမိုးမှု ပိုမိုခိုင်မာရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ထာဝရငြိမ်းချမ်းမှု ရရှိရေးတို့အတွက် တိုင်းရင်းသားအားလုံးက အသိနှင့်ယှဉ်၍ ပူးပေါင်းပါဝင် ဆောင်ရွက်ရေး။

နိုဝင်ဘာလ ၁၇-၈-၂၀၁၁ ရက်နေ့တွင် ဗီးယွားရေး၊ လူမှုရေးနယ်ပယ်အသီးသီး၊ အသင်းအဖွဲ့အသီးသီးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲအခမ်းအနားများတွင် ပြောကြားခဲ့သည့် နိုင်ငံတော်သမ္မတကြီး၏ အမှာစကားပါ ကောက်နုတ်ချက်ကိုသာ လက်ဆင့်ကမ်းရင်း (၆၄)နှစ်တိုင်ခဲ့ပြီဖြစ်သော နိုင်ငံ၏လွတ်လပ်ရေးနေ့မှသည် ကမ္ဘာဆုံးတိုင် အေးချမ်းသာယာ၍ ခိုင်မာတောင့်တင်းသော ပြည်ထောင်စုကြီးကို ဒီမိုကရေစီနည်းလမ်းများဖြင့် စည်းလုံးညီညွတ်စွာ တည်ဆောက် ထူထောင်သွားကြပါစို့ဟု တိုက်တွန်းအပ်ပါသည်။

"ဒီကနေ့ အခွိန်အခါဟာ နိုင်ငံတော်ကို ဒီမိုကရေစီစနစ်နဲ့ အသစ်တစ်ဖန် ပြန်တည်နေရခွိန်ဖြစ်ပါတယ်။ စိန်ခေါ်မှုတွေရှိသလို အခွင့်အလမ်းကောင်းတွေလည်း ရှိပါတယ်။ စိန်ခေါ်မှုတွေကို ကြုံကြိုခံကျော်လွှားပြီး အခွင့်အလမ်းကောင်းတွေကို အမိအရဆုပ်ကိုင်ထားဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ သမိုင်းစဉ်တစ်လျှောက်မှာ မတည်မငြိမ် မအေးမချမ်းနဲ့ ကုန်လွန်သွားခဲ့ရတဲ့ ကာလတွေကို အလွန်နှမြောဖို့ ကောင်းပါတယ်။ လွတ်လပ်ရေးရပြီးစက ကျွန်တော်တို့ ထက်နိမ့်ကျတဲ့ နိုင်ငံတွေ၊ တန်းတူရည်တူနိုင်ငံတွေဟာ ကျွန်တော်တို့ နိုင်ငံကို များစွာဖြတ်ကျော်သွားကြပြီ ဖြစ်ပါတယ်။

ဒီအခွိန်ဟာ ရန်ဖြစ်ငြင်းခုံနေကြရမယ့်အခွိန်၊ တစ်ဦးနဲ့ တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ အမြင်မှား အပြစ်ပြောနေကြရမယ့် အခွိန်မဟုတ်တော့ပါဘူး။ စည်းလုံးညီညွတ်ကြရင် ကြီးပွားထိုးတက်နိုင်တဲ့ ရေခဲမြေခဲကောင်းတွေ ကျွန်တော်တို့တိုင်းပြည်မှာ ရှိပြီးဖြစ်ပါတယ်။ ဒီခိုနိုင်ငံဟာ နိုင်ငံသားအားလုံးပိုင်တဲ့ နိုင်ငံဖြစ်ပါတယ်။ ကိုယ့်နိုင်ငံ ပျက်စီးဆုံးရှုံးမသွားရအောင် နိုင်ငံသားတိုင်း အားလုံးပိုင်းဝန်းစောင့်ရှောက်ကာကွယ်သွားကြဖို့ တာဝန်ရှိပါတယ်။ ကျွန်တော်တို့ရဲ့ သားစဉ်မြေးဆက်အတွက် ကောင်းတဲ့အမွေခံပတ်ဝန်းကျင်ကို တည်ဆောက်သွားကြဖို့လိုအပ်ပါကြောင်း မြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်"။ . . . . ။

၂၂-၃-၂၀၁၁ ရက်က ကျင်းပခဲ့သည့်မြန်မာ့စက်မှု ထုတ်ကုန်ပြပွဲတွင် ပြသထားသည့် စက်ယန္တရားများကို တွေ့ရစဉ်၊

နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် ၈ရက်၊ ၃ရီ ၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စီစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် **မြန်မာအမျိုးသားကွန်ဂရက် (Myanmar National Congress)** က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် လွတ်တော်ရုံးသို့ လွတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

နေပြည်တော် ၈ရက်၊ ၃ရီ ၃

လွတ်တော် တတိယပုံမှန်အစည်းအဝေးများကို နေပြည်တော်ရှိ လွတ်တော်အစည်းအဝေးခန်းမများ၌ **၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၆ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီ**တွင် စတင်ကျင်းပရန် ပြည်သူ့လွတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွတ်တော်ဥက္ကဋ္ဌတို့က ခေါ်ယူထားရာ အဆိုပါ အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို လွတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားသည်။

လွတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်လွတ်တော်နှံ့သို့ **၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၃ ရက် ထက်မစော ၂၄ ရက်ထက် နောက်မကျစေဘဲ** သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ်အသိအမှတ်ပြုလွှာနှင့် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြားတို့ကို ယူဆောင်လာကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်ဖြို့နယ်၊ ကန်တော်လေးမြောက်ရပ်ကွက်၊ ခေါ်သိန်းတင်လမ်း၊ အမှတ် (၈၄-က)တွင် ပါတီရုံးချုပ်တည်ရှိသော **မြန်မာအမျိုးသားကွန်ဂရက် (Myanmar National Congress)**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၃-၁-၂၀၁၂ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

မြန်မာအမျိုးသားကွန်ဂရက် (Myanmar National Congress)၏ အလံပုံစံ

မြန်မာအမျိုးသားကွန်ဂရက် (Myanmar National Congress)၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ၊ ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များ အပ်နှင်းသည့် အမိန့်ကြော်ငြာစာများ ထုတ်ပြန်

နေပြည်တော် ဇန်နဝါရီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက ဆရာတော်ကြီးများ၊ ဂန္ထဓရပဝိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ပိဋကတ်သမားဂုရု ပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြ ဆရာတော်များ၊ နယ်လှည့်ဓမ္မကထိက နှင့် ပြည်တွင်းပြည်ပသာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူခြောင်စွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၁/ ၂၀၁၂)ကိုလည်းကောင်း၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များအပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၂/ ၂၀၁၂)ကို လည်းကောင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းသင်္ဃာတံဆိပ်ခံဖြင့်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၃/ ၂၀၁၂)ကို လည်းကောင်း၊ စစ်မှုထမ်းကောင်းတံဆိပ် အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၄/ ၂၀၁၂)ကို လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၅/ ၂၀၁၂)ကို လည်းကောင်း၊ ရဲမှုထမ်းကောင်းတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၆/ ၂၀၁၂)ကို လည်းကောင်း၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၇/ ၂၀၁၂)ကိုလည်းကောင်း၊ ပြည်သူ့ဝန်ထမ်းတံဆိပ်နှင့် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၈/ ၂၀၁၂)ကို လည်းကောင်း ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၄ ရက် (၆၄)နှစ်မြောက်လွတ်လပ်ရေးနေ့(ယနေ့)တွင် ထုတ်ပြန်ကြေညာလိုက်သည်။ (သတင်းစဉ်)

ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယ ပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

နေပြည်တော် ဇန်နဝါရီ ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်က ကြေညာချက်အမှတ်(၁/ ၂၀၁၂)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်သူ့လွှတ်တော်
ကြေညာချက်အမှတ်(၁/ ၂၀၁၂)
၁၃၇၃ ခုနှစ်၊ ဖြာသိုလဆန်း ၁၀ ရက်
(၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်)

ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယ ပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၆ နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၇ တို့အရ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယ ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက် (၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်)ကြာသပတေးနေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

(ပုံ) သူရဒွေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယ ပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

နေပြည်တော် ဇန်နဝါရီ ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားလွှတ်တော်က ကြေညာချက်အမှတ်(၁/ ၂၀၁၂)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားလွှတ်တော်
ကြေညာချက်အမှတ်(၁/ ၂၀၁၂)
၁၃၇၃ ခုနှစ်၊ ဖြာသိုလဆန်း ၁၀ ရက်
(၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်)

ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယ ပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၅ နှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၄ တို့အရ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယ ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက် (၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်)ကြာသပတေးနေ့၊ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြု

ရန်ကြီးအောင် ၏

အားသစ် မာန်သစ် - နိုင်ငံသစ်

“မိမိတို့တိုင်းပြည်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားအတွက် မှန်ကန်သောလမ်းကြောင်းဖြစ်သည်ဟုဆိုပါက ဖားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်ရဇကာမူ နောက်ပြန်မလှည့်စတမ်း ရွှေ့သို့ဆက်၍ ချီတက်ကြရမည်သာ ဖြစ်ပေသည်။

ထိုသို့ နောက်ပြန်မလှည့်စတမ်း ချီတက်ကြမည်ဆိုခြင်းမှာ အခြေခံသဘောတရားကင်းမဲ့စွာ လက်လွတ်စပယ်ပြောဆိုခြင်း မဟုတ်ပေ။ မြန်မာနိုင်ငံ၏ ပကတိအခြေအနေနှင့် ပြည်သူအားလုံး၏ လိုအင်ဆန္ဒ၊ အကျိုးစီးပွား၊ ကမ္ဘာ့နိုင်ငံရေးပြဿနာတို့ကိုတက်မှုများနှင့် ထင်ဟပ်ပြီးမှ ခိုင်မြဲသော သန္ဋိဌာန်ဗိသိုင်္ခဉ် ခိုင်ခိုင်မာမာ ချမှတ်ပြောကြားခြင်းဖြစ်သည်။”

(ဆောင်းပါး စာမျက်နှာ - ၈၊ ၉၊ ၁၀)

မြင်းမူမောင်နိုင်မိုး ၏

လွတ်လပ်ပျော်ရွှင် အောင်ပွဲဆင်

(ကဗျာ စာမျက်နှာ - ၉)

၂၀၁၃ ခုနှစ်အထိ အာဆင်နယ်တွင်ရှိနေမည်ဟု ပန်ပါစီ ထုတ်ဖော်ပြောကြား

ဟိန်းထက်လင်း

လန်ဒန် ဇန်နဝါရီ ၃

အာဆင်နယ်အသင်းနှင့် ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့ချိန် ၂၀၁၃ ခုနှစ်အထိ အမ်းမရိတ်တွင် ရှိနေမည်ဖြစ်ကြောင်း အာဆင်နယ်တိုက်စစ်မှူး ပန်ပါစီက ထုတ်ဖော်ပြောကြားခဲ့သည်။

ဆွေးနွေးနေ

ပန်ပါစီသည် ၂၀၁၁ ခုနှစ်အတွင်း ၃၆ ဂိုးထိ သွင်းယူနိုင်ခဲ့သဖြင့် အာဆင်နယ်ဂန္ထဝင်ကစားသမား အလန်ရိုးယား၏စံချိန်ကို လိုက်မိခဲ့ပြီး ယခုအခါ အာဆင်နယ်အသင်းနှင့် စာချုပ်သစ် ထပ်မံချုပ်ဆိုနိုင်ရန် ဆွေးနွေးမှုပြုလုပ်လျက်ရှိသည်။

ယခုနှစ်ဘောလုံးရာသီအတွင်း အကောင်းဆုံးပုံစံဖြင့် ပွဲတိုင်းလိုလို ဂိုးသွင်းယူနေသည့်ပန်ပါစီအား မန်စီးတီးအသင်းက ပေါင်သန်း ၃၀ ဖြင့် ယခုနှစ်ဘောလုံးရာသီကုန်ဆုံးချိန်တွင် ဝယ်ယူရန် အာဆင်နယ်အသင်းထံ ကမ်းလှမ်းထားသည်။



အာဆင်နယ်တိုက်စစ်မှူး ပန်ပါစီ

ယင်းကြောင့် အာဆင်နယ်အသင်းသည် ၎င်းတို့၏တိုက်စစ်မှူးအား တစ်ပတ်လုပ်ခလစာ ပေါင် ၁၅၀၀၀၀ ဖြင့် စာချုပ်သစ် ထပ်မံချုပ်ဆိုရန် ပြင်ဆင်နေသည်။

မိမိသည် လန်ဒန်၌သာ ဆက်လက်နေထိုင်လိုကြောင်း၊ မိမိ၏ကလေးများကိုလည်း လန်ဒန်၌သာ ကြီးပြင်းစေလိုကြောင်း၊ အင်္ဂလန်၏ ယဉ်ကျေးမှုလက္ခဏာကိုခံမင်ကြောင်း၊ မိမိ၏ကလေးများကိုလည်း အင်္ဂလန်နိုင်ငံသားများ ဖြစ်စေလိုကြောင်း၊ ထို့ကြောင့် အာဆင်နယ်နှင့် စာချုပ်သက်တမ်းကုန်ဆုံးချိန်ထိ အာဆင်နယ်အသင်းတွင် ဆက်လက်ရှိနေမှာ ဖြစ်ကြောင်း၊ စာချုပ်သက်တမ်းကုန်ဆုံးချိန်ရောက်လျှင်လည်း အင်္ဂလန်ကလပ်အသင်းတစ်သင်းသို့သာ သွားရောက်မည်ဖြစ်ကြောင်း ပန်ပါစီက ပြောကြားခဲ့သည်။

အင်တာနက်။